# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိဝင်(ဓမ္မပဒ-၁၂၂)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက် တနင်္ဂနွေနေ့။ Sunday, 21 June 2026 ၁၂၂၁၆


# တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် ခါမ်းပါတ်မြို့အား ပြန်လည်သိမ်းပိုက်ရရှိ

## ကလေး-တမူးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၀

တပ်မတော်အနေဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သော ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါလမ်းကြောင်းပေါ်ရှိ နယ်စပ်ကုန်သွယ်ရေးနှင့် ဆက်သွယ်ရေးအရ အရေးပါသည့် ခါမ်းပါတ်မြို့အား ယနေ့တွင် ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✩



တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် ဆက်သွယ်ရေးအရ အရေးပါသည့် ခါမ်းပါတ်မြို့အား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

## ၂၀၂၆ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူး(ထောက်လု)ဖိတ်ခေါ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

စာမျက်နှာ » ၅

## ထိုင်းနိုင်ငံ၌ အယ်လ်နီညို ဖြစ်စဉ်ကာကွယ်ရေးအတွက် ရာသီဥတုဆိုင်ရာ အချက်အလက်များ စုဆောင်းမည်

နိုင်ငံတကာ စာမျက်နှာ » ၁၃

## လူတိုင်းလက်လှမ်းမီသော သွားနှင့်ခံတွင်းကျန်းမာရေး နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီး၏ ပြည်သူ့အကျိုးပြုမှု

ဆောင်းပါး စာမျက်နှာ » ၁၇





## MAI က Aerohub၊ Aeroplay တို့နှင့် ပူးပေါင်း၍ Wireless In-Flight Entertainment စနစ် မိတ်ဆက်

ရန်ကုန် ဇွန် ၂၀

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) အနေဖြင့် Aerohub၊ Aeroplay တို့နှင့် ပူးပေါင်း၍ လေယာဉ်ပေါ်တွင် လွယ်ကူစွာ ဝိုင်ဖိုင်ချိတ်ဆက်အသုံးပြုနိုင်သည့် Wireless In-Flight Entertainment (IFE) စနစ်သစ်ကို ဇွန် ၁၇ ရက်တွင် တရားဝင်စတင်မိတ်ဆက်ခဲ့ကြောင်း MAI ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## မြစ်ကြီးနားမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအား စက်သုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

မြစ်ကြီးနား ဇွန် ၂၀

ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် မြစ်ကြီးနားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးစိုက်တောင်သူများထံ စိုက်ပျိုးချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး ပရိမီယမ်ဒီဇယ်စက်သုံးဆီများကို ပြင်ပပေါက်ဈေးထက် ပိုမိုသက်သာသောနှုန်းထားဖြင့် ယနေ့နံနက်ပိုင်းမှစတင်၍ မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် သုံးနေရာတွင် ရောင်းချပေးလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ✳



## ပဲခူးမြို့နယ်၌ စပါးခွံဇီဝမီးသွေး မြေသြဇာပြုလုပ်နည်း လက်တွေ့သရုပ်ပြ

ပဲခူး ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် ဒေသခံတောင်သူများအား စပါးခွံဇီဝမီးသွေး မြေသြဇာပြုလုပ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ညနေပိုင်းက အိုးဘိုကျေးရွာအုပ်စု၌ ပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍



## မောတောင်မြို့၌ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်

မောတောင် ဇွန် ၂၀

တနင်္သာရီတိုင်းဒေသကြီး ထိုင်း-မြန်မာနယ်စပ် မောတောင်မြို့ မြို့မရပ်ကွက်ရှိ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❑

## ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်သည် ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ဇွန် ၂၇ ရက်တွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❂

**ယနေ့မိုးလေဝသ (၂၁-၆-၂၀၂၆)**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

# နက်ရှိုင်းသည့်နှစ်နိုင်ငံဆက်ဆံရေး နိုင်ငံ့ကောင်းကျိုးများဆောင်ကြဉ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit) အဖြစ် ဇွန်လ ၁၅ ရက်မှ ၁၉ ရက်အထိ သွားရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတကြီး သွားရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရုတ်-မြန်မာနှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေး တို့အတွက် သွားရောက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း၌ တရုတ်နိုင်ငံသမ္မတကြီး မစ္စတာရှီကျင့်ဖျင်၊ တရုတ်နိုင်ငံဝန်ကြီးချုပ်၊ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ ဒေသဆိုင်ရာခေါင်းဆောင်များ၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးစီးပွားများကို ဖော်ဆောင်နိုင်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးနှင့်တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက တရုတ်-မြန်မာ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရေးနှင့် မဟာဗျူဟာမြောက် ဘက်စုံပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားဆွေးနွေးခဲ့သည်။ တရုတ်နိုင်ငံသမ္မတကြီးက မကြာမီက မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲကိုကြိုဆိုပြီး ပြည်သူများက ရွေးချယ်တင်မြှောက်ခဲ့သည့် ရွေးကောက်ခံအစိုးရအဖွဲ့ကို အပြည့်အဝထောက်ခံအားပေးသည်ဟု ခိုင်ခိုင်မာမာပြောကြားခဲ့သည်။ ထို့အပြင် အစိုးရအဖွဲ့သစ်က ဆောင်ရွက်နေသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်ငြိမ်းချမ်းရေးကိစ္စရပ်များကိုထောက်ခံပြီး ရှေ့ဆက်၍လည်း ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသမ္မတကြီးက နိုင်ငံတကာမျက်နှာစာ၊ ကုလသမဂ္ဂနှင့် အာဆီယံအသိုက်အဝန်းတို့တွင် မြန်မာနိုင်ငံအနေဖြင့် တန်းတူညီမျှအပြည့်အဝပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိုလည်း ထောက်ခံသွားမည်ဟု ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအသီးသီးတွင် တရုတ်နိုင်ငံတာဝန်ရှိသူများအနေဖြင့် အပြည့်အဝပူးပေါင်းကူညီဆောင်ရွက်သွားရန်လည်း မှာကြားထားသည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး၏ တရုတ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် ဂုဏ်တင့်တယ်သည့် စာမျက်နှာသစ် ဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ မြန်မာနိုင်ငံအတွက် နိုင်ငံရေးအရ၊ သံတမန်ရေးအရ၊ စီးပွားရေးအရ များစွာအကျိုးရှိပြီး ပေါက်မြောက်အောင်မြင် သမိုင်းဝင်သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့သည်။

အထူးသဖြင့် တရုတ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်သည် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးတို့အတွက် အကျိုးအမြတ်များစွာ ရရှိခဲ့သည့်ခရီးစဉ်ဖြစ်သည်။ ခရီးစဉ်အတွင်း တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသည့် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ငါးနှစ်တာကာလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အကောင်းမွန်ဆုံးတိုးတက်မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်သည့် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai အခမ်းအနားမှ အကျိုးရလဒ်များစွာ ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၅၀၀ ကျော်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ကျော်တက်ရောက်ခဲ့သည်။ အဆိုပါအခမ်းအနားမှ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် ၇၀ ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံက ကဏ္ဍအသီးသီး၊ အလွှာအသီးသီး၊ လူထုလူတန်းစားအသီးသီးအတွက် အခွင့်အလမ်းကောင်းများ ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ယခုခရီးစဉ်တွင် အာကာသနည်းပညာရပ်ဆိုင်ရာကိစ္စရပ်များ၊ လယ်ယာစိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် မိုးလေဝသစောင့်ကြည့်ရေးကိစ္စရပ်များတွင် နှစ်နိုင်ငံပညာရှင်များပူးပေါင်းပြီး မကြာမီ ဂြိုဟ်တုတစ်လုံးလွှတ်တင်နိုင်ရေး ဆွေးနွေးနိုင်ခဲ့မှုများသည် ထူးခြားချက်ပင်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနိုင်ငံနှင့်ပြည်သူများအတွက် ကောင်းကျိုးများစွာ ဆောင်ကြဉ်းပေးနိုင်မည့် ဂုဏ်ယူဖွယ်ရာ သမိုင်းဝင်ခရီးစဉ်ဖြစ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးမောင်မောင်စိုးအား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးမောင်မောင်စိုးအား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## သံရုံးယာယီတာဝန်ခံ / သံအမတ်ကြီး ဦးဝေလင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ ဟန်နွိုင်းမြို့မှ သံရုံးယာယီတာဝန်ခံ/ သံအမတ်ကြီး ဦးဝေလင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်




## ကျွန်းလှမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ကျွန်းလှ ဇွန် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့်ဆောင်ရွက်ခဲ့သောကြည့်ကုန်းကျေးရွာနှင့် အင်းပေါက်ကျေးရွာ ကျေးရွာတွင်းလမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဇွန် ၁၈ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကန့်ဘလူကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးခရိုင်ဦးစီးမှူး ဦးစိုးခိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာလာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ကြည့်ကုန်းကျေးရွာတွင်းလမ်း ဂျင်းလမ်းခင်းခြင်းလုပ်ငန်းအား စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၀၃ သန်းနှင့် အင်းပေါက်ကျေးရွာတွင်းလမ်း ဂျင်းလမ်းခင်းခြင်းလုပ်ငန်းအား စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၁၇ သန်းဖြင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)

## ၂၀ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်အဖွဲ့ဝင်များ ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိ

**မော်စကို ဇွန် ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor SERGEYENKO နှင့် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin တို့၏ ဖိတ်ကြားချက်အရ 2nd International Forum of the Union State "Great Heritage – Common Future" ဖိုရမ်သို့တက်ရောက်ရန် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၉ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ ရုရှားနိုင်ငံ မော်စကိုမြို့ Sheremetyevo International Airport သို့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ရုရှားနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Valerievich Kara-ool နှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်နိုင်ငံ လွှတ်တော်မှ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် သံရုံးဝန်ထမ်းများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် လေဆိပ် သီးသန့်နားနေခန်းတွင် မြန်မာ – ရုရှား – ဘယ်လာရုစ် နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ချစ်ကြည်ရေးအသင်းများ ဖွဲ့စည်း၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ရုရှားနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Valerievich Kara-ool တို့ တွေ့ဆုံဆွေးနွေးစဉ်။

**သတင်းစဉ်**

---

**☆ ရှေ့ဖုံးမှ**

ကလေး – တမူး လမ်းကြောင်းအား အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီချီတက်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် ဇွန် ၇ ရက်တွင် ကလေး – တမူး လမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အရှေ့ခုံသာကျေးရွာ၊ ၅၆ မိုင်ကျေးရွာ၊ ၅၅ မိုင် ကျေးရွာတို့အားလည်းကောင်း၊ အလားတူ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် နန်းမွတ်တားကျေးရွာ၊ ရန်လင်းပိုင်ကျေးရွာနှင့် ၎င်းကျေးရွာအနီး နှစ်နိုင်ငံနယ်စပ်ရှိ အကြမ်းဖက်သမားများအခြေချနေထိုင်သည့်စခန်းတို့အား လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ရာဇဖြိုဟ်ကျေးရွာနှင့် ရာဇဖြိုဟ် ရေလှောင်တမံတို့အား လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ရန်မျိုးအောင်ကျေးရွာအား လည်းကောင်း၊ ဇွန် ၁၆ ရက်တွင် စော်ဘွားရေရှင်ကျေးရွာအား လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ကျွန်းတောရေရှင်ကျေးရွာအား လည်းကောင်း သိမ်းပိုက်ရရှိခဲ့ပြီး ဖြစ်သည်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေး – တမူး လမ်းကြောင်းပေါ်ရှိ မြန်မာ – အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါအချက်အချာကျသည့် ခါမ်းပါတ်မြို့အား ပြန်လည်သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများက ကလေး– တမူးလမ်းကြောင်းပေါ်ရှိ မြန်မာ – အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် ဆက်သွယ်ရေးအရ အရေးပါသည့် ခါမ်းပါတ်မြို့အား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

## ပြန်လည်သိမ်းပိုက်ထိန်းချုပ်

တပ်မတော် စစ်ကြောင်းများသည် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် ဇွန် ၁၉ ရက်တွင် ခွန်နိုင်းကျေးရွာနှင့် နန်းခေါက်ခေါက်ကျေးရွာတို့အား လည်းကောင်း၊ ယနေ့တွင် နန်းကတိတ်ကျေးရွာနှင့် ခါမ်းပါတ်မြို့အား လည်းကောင်း အောင်မြင်စွာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် မြို့၏မြောက်ဘက်သို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် အဆိုပါပတ်ဝန်းကျင် တစ်ဝိုက်အားလိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို အသေးစိတ် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ သိမ်းပိုက်ရရှိခဲ့သော ခါမ်းပါတ်မြို့သည် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်း ပါဝင်သည့် မြို့နယ်ခွဲတစ်ခုဖြစ်ပြီး အိန္ဒိယနယ်စပ်အနီး၌ တည်ရှိသောကြောင့် ကလေး – တမူး လမ်းကြောင်းပေါ်ရှိ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးအတွက် အရေးပါသော မြို့တစ်မြို့ဖြစ်သည်။ ခါမ်းပါတ်မြို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ယာယီစိုးမိုး၍ ဒေသခံတိုင်းရင်းသား ပြည်သူများအား လူသားတံတိုင်းပြုလုပ်ကာ မြို့အား စစ်စခန်းအဖြစ် အခိုင်အမာခံစစ်ဆင်ခဲ့ရာ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်း ပိတ်ဆို့ခဲ့ရပြီး နှစ်နိုင်ငံကုန်စည်စီးဆင်းမှုမရှိတော့ဘဲ ဒေသခံပြည်သူများ၏ ပို့ကုန်/သွင်းကုန်များ စီးဆင်းမှုလည်း ရပ်တန့်ခဲ့ရသည်။ ထို့ပြင် အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ရပ်များကြောင့် နယ်စပ်ဒေသလုံခြုံရေး၊ ဒေသစီမံခန့်ခွဲရေးနှင့် ကုန်သွယ်မှု ပြန်လည်လည်ပတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာ – အိန္ဒိယ နှစ်နိုင်ငံအကြား ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေသဖြင့် အဘက်ဘက်မှ များစွာနစ်နာဆုံးရှုံးခဲ့ရသည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ခါမ်းပတ်မြို့အပါအဝင် အဆိုပါဒေသရှိ မြို့/ရွာများအား ယာယီစိုးမိုးထားစဉ်အတွင်း အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့် လမ်း/တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းကြောင်းတစ်လျှောက် သွားလာနေကြသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွား ယာဉ်များအား ဆက်ကြေးများကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်းများ စသည့် အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့်အပြင် ပြည်သူလူထု၏ နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအတွင်း သဲအိတ်များစီ၍ ဘန်ကာများ ပြုလုပ်ထားခြင်း၊ မြို့/ရွာများအတွင်း မိုင်းများထောင်ခြင်း၊ ခြံဝင်းများအတွင်း ခံစစ်ပစ်ကျင်းများ တူးဖော်၍ အခိုင်အမာခံစစ်ဆင်ကာ စစ်စခန်းများအဖြစ် အသုံးချထားသည်ကို တွေ့ရှိရသည်။

ယခုအခါတပ်မတော်စစ်ကြောင်းများသည် ခါမ်းပါတ်မြို့အပါအဝင် ပြန်လည် သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့/ရွာများ၌ ဒေသခံပြည်သူများ အမြန်ဆုံးပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းတံတားများပြုပြင်ခြင်းနှင့် မိုင်းရှင်းလင်းခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကလေး – တမူး လမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ MAI မှ**

MAI အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိလေကြောင်းလိုင်းများအကြား fully wireless, bring-your-own-device (BYOD) onboard entertainment platform ကို ပထမဆုံး အကောင်အထည်ဖော်အသုံးပြုခြင်းဖြစ်ပြီး အဆိုပါစနစ်သစ်တွင် Aerohub က onboard wireless entertainment platform ကို ပံ့ပိုးပေးထားကာ Aeroplay Entertainment က ခရီးသည်များအတွက် ရွေးချယ်စီစဉ်ပေးထားသည့် Entertainment Content များကို တာဝန်ယူပံ့ပိုးပေးထားသည်။

ထို့ကြောင့် လေယာဉ်စီးခရီးသည်များအနေဖြင့် onboard Wi-Fi အား ထိုင်ခုံရှေ့ရှိ QR code ကို scan ဖတ်ကာ လွယ်ကူစွာချိတ်ဆက်ပြီး မိမိတို့၏ စမတ်ဖုန်း၊ တက်ဘလက်၊ လက်ပ်တော့ စသည့် ကိုယ်ပိုင် device များပေါ်တွင် တိုက်ရိုက် streaming အနေဖြင့် အဆင်ပြေချောမွေ့စွာ ကြည့်ရှုနိုင်မည်ဖြစ်ကာ လေယာဉ်စီးခရီးသွားလာရင်း ခေတ်မီသော Wireless Inflight Entertainment အတွေ့အကြုံတစ်ခုကို ခံစားရရှိနိုင်မည်ဖြစ်သည်။

## ရွေးချယ်ကြည့်ရှုနိုင်မည်

ယင်း Wireless In-Flight Entertainment (IFE) စနစ်သစ်တွင် Hollywood movie များ၊ International movie များ၊ Game အစီအစဉ်များ၊ TV program များနှင့် ရွေးချယ်စရာများပြားလှသည့် သီချင်းမျိုးစုံတို့ကို ရွေးချယ်ကြည့်ရှုနိုင်မည်ဖြစ်ပြီး Destination Information များနှင့် Passenger Engagement Features တို့လည်း ပါဝင်သည်။

Wireless In-Flight Entertainment စနစ်သစ်အား မိတ်ဆက်အသုံးပြုမှုသည် ဒေသတွင်းရှိ လေကြောင်းလိုင်းများအကြား ပိုမိုခေတ်မီသော Wireless In-Flight Entertainment (IFE) နည်းပညာများကို လက်ခံအသုံးပြုလာပြီး တိုးတက်လာသည့် ခရီးသည်ဝန်ဆောင်မှုများကို ထင်ဟပ်စေကြောင်း၊ အဆိုပါ နည်းပညာများသည် လေယာဉ်ပေါ်ရှိ စက်ပစ္စည်းလိုအပ်ချက်များနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းများကို လျှော့ချပေးနိုင်သည့်အပြင် ခရီးသည်များအတွက် ခေတ်မီ၊ အဆင်ပြေပြီး အရည်အသွေးမြင့်သော ခရီးသွားအတွေ့အကြုံကို ပေးစွမ်းနိုင်ရန် အထောက်အကူပြုလျက်ရှိကြောင်း MAI ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**ကိုထက်**

---

**❍ ပဲခူးမြို့နယ်မှ**

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြိုင်က စပါးခွံဇီဝမီးသွေး မြေသြဇာပြုလုပ်နည်း အဆင့်ဆင့်နှင့် လိုအပ်သည့်ပစ္စည်းများ၊ သီးနှံစိုက်ခင်းတွင် ထည့်သွင်းသုံးစွဲရမည့် နှုန်းထားများ၊ သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး စပါးခွံဇီဝမီးသွေး မြေသြဇာပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ပြသခဲ့သည်။

## ကြည့်ရှုအားပေး

စပါးခွံဇီဝမီးသွေး မြေသြဇာပြုလုပ်နည်း လက်တွေ့သရုပ်ပြသခြင်းကို မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ (၃၁)နှစ်ပြည့် နှစ်ပတ်လည် အထွေထွေအစည်းအဝေး တက်ရောက်

ရန်ကုန် ဇွန် ၂၀

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းကြီး၏ (၃၁)နှစ်ပြည့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။



အစည်းအဝေးတွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းကြီးသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးမှုတွင် အမျိုးသမီးများနှင့် စီးပွားရေးအခန်းကဏ္ဍ ပါဝင်မြှင့်တင်ရေးကို ကနဦးအသင်းကြီးတစ်ရပ်အနေဖြင့် ဆောင်ရွက်လာခဲ့သည်မှာ (၃၁)နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် မြန်မာအမျိုးသမီးစီးပွားရေးထူးချွန်ဆုအပြင် အာဆီယံဒေသတွင်း ASEAN Outstanding Women Entrepreneur Award အား မြန်မာအမျိုးသမီး ၉၃ ဦးရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပြီး ယနေ့တွင် Myanmar Women Entrepreneur Award များ ချီးမြှင့်သွားမည်ဖြစ်သည့်အတွက် ကြိုတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ အသင်းတည်ထောင်သူအသင်းကြီး၏ နာယက အကြံပေးဒေါက်တာရီရီမြင့်နှင့် အသင်းဥက္ကဋ္ဌ ဒေါက်တာမြတ်သီတာမြင့်တို့က အမှာစကားများ ပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ နာယကများနှင့် ဥက္ကဋ္ဌ၊ အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပသည့် “မြန်မာအမျိုးသမီးများနေ့”ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော “ရိုးရာခေတ်ဆန်း ရှေ့သို့လှမ်း ယဉ်ကျေးလှပ မေမြန်မာအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု”ပြပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများနှင့်အတူ ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ပြပွဲဆက်လက်တက်ရောက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသူများ၊ နိုင်ငံကျော်တေးသံရှင်များနှင့် ဖိုးချစ်ဇာတ်သဘင်တို့၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး မုံရွာမြို့ ချင်းတွင်းမြစ်တာပေါင်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မုံရွာ ဇွန် ၂၀

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိုးရာသီ၌ ချင်းတွင်းမြစ်ရေကြီးမြင့်မှုကြောင့် မုံရွာမြို့ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး၊ ရေထိန်းတာပေါင်များကြံ့ခိုင်မှု၊ အမြန်ရေယာဉ်များ ကြိုတင်စီမံဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်နေမှုနှင့် ရေဝင်ရောက်နိုင်သည့်နေရာများကို သဲအိတ်များဖြင့် ကာရံထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ချင်းတွင်းမြစ် ရေကြီးချိန် ကာလအတွင်း သက်ဆိုင်ရာ ဌာနများအလိုက် ရှာဖွေ ကယ်ဆယ်ရေးနှင့် သက်ကယ်ပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိစေရေး၊ ရေထိန်းတာပေါင်များ ကြံ့ခိုင်မှုရှိစေရေး၊ စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေး တို့ကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

*** မြစ်ကြီးနားမှ**

မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်အတွင်းရှိ ဖေယျာမင်း စက်သုံးဆီအရောင်းဆိုင်၌ တပ်ကုန်းရပ်ကွက်၊ နောင်နန်းရပ်ကွက်နှင့် မန်ခိန်ရပ်ကွက်များအတွင်းရှိ တောင်သူများအတွက် တစ်ကေလျှင် နှစ်ဂါလန်နှုန်းဖြင့် တစ်ဂါလန်လျှင် ငွေကျပ် ၂၁၄၆၀ နှုန်းဖြင့် ရောင်းချပေးခဲ့သည်။

အလားတူ စက်သုံးဆီများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် TOP စက်သုံးဆီအရောင်းဆိုင်၌လည်းကောင်း၊ ရွှေပြည်သာရပ်ကွက် ရထိုက်တန် စက်သုံးဆီအရောင်းဆိုင်၌လည်းကောင်း တောင်သူများ၏ စိုက်ဧကပေါင်း ၄၀၀ နီးပါးအတွက် လီတာပေါင်း ၃၆၀၀ ကျော် ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး တောင်သူများ၏ လိုအပ်ချက်အရ တင်ပြတောင်းခံလာပါက နေ့စဉ်ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**❑ မောတောင်မှ**

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာစေရေး၊ ရောဂါဖြစ်ပွားမှု လျော့နည်းစေရေးနှင့် ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ အမြန်ဆုံး ပြန်လည်ပေးအပ်နိုင်ရေး အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ပြင်ဦးလွင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

ပြင်ဦးလွင် ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းကို ဇွန် ၁၈ ရက်က ရပ်ကွက်ကြီး(၁၇) အနီးစခန်း အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပြင်ဦးလွင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထင်လတ် ဦးဆောင်၍ ဒုတိယလဝကမှူး ဒေါ်မျိုးမျိုးစိုးနှင့်အဖွဲ့က ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်းဖွင့်

ပုသိမ် ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက်က ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းသည်။ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကက တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနသို့ ဆေးဖက်ဝင်အပင်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**❂ ၂၀၂၆ မှ**

ပြိုင်ပွဲကို စုစုပေါင်း အတန်းကိုးတန်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အသက်(၂၁)နှစ်အောက် သက်ငယ်တန်း ကာယဗလမောင်ပြိုင်ပွဲ၊ အသက် (၄၅)နှစ်နှင့်အထက် သက်ကြီးတန်း ကာယဗလမောင်ပြိုင်ပွဲ၊ အမျိုးသားကာယဗလပြိုင်ပွဲ ၆၀ ကီလိုတန်းပြိုင်ပွဲ၊ ၇၀ ကီလိုတန်းပြိုင်ပွဲ၊ ၈၀ ကီလိုနှင့် အထက်တန်းပြိုင်ပွဲများ၊ Men’s Athletic Physique (open)ပြိုင်ပွဲ၊ Men’s Sports Physique (open) ပြိုင်ပွဲ၊ Women’s Athletic Physique (open)ပြိုင်ပွဲ၊ Women’s Model Physique (open)ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲသို့ ၂၀၂၆ ခုနှစ် နိုင်ငံတကာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိထားသူများမှအပ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ငွေသားဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဗလ**

## ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး(ထောက်လု)ဖိတ်ခေါ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇွန် ၂၀**

အားကစားရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး (ထောက်လု) ဖိတ်ခေါ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဗထူးအားကစားရုံ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးကောင်စစ်ဝန်ချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး(ထောက်လု) ဖိတ်ခေါ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)၌ စာသင်ဆောင်များနှင့် အားကစားနှင့်ကာယပညာသိပ္ပံရုံး အသစ်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုပြီး အစည်းအဝေးခန်းမ၌ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အားကစားကွင်း၌ Football for School အစီအစဉ်ဖြင့် အခြေခံဘောလုံးနည်းစနစ်များ၊ အခြေခံပြေးခုန်ပစ် နည်းစနစ်များနှင့် တိုက်ကွမ်ဒိုအားကစား အခြေခံနည်းစနစ်များ လေ့ကျင့်သင်ကြားပေးမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက အသက် (၁၈) နှစ်အောက်ကလေးများကို လက်ခံထားသဖြင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပါ အခြေခံအခွင့်အရေးများဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် ပညာရေး၊ ကျန်းမာရေးအခွင့်အရေးများ ရရှိရေးဆောင်ရွက်ပေးရန်၊ ကလေးသူငယ်တရားရုံးများက စေလွှတ်လိုက်သည့် ကလေးများဖြစ်သဖြင့် ပတ်ဝန်းကျင်အခြေအနေ၊ အကျင့်စာရိတ္တ၊ ဝါသနာထုံမှုနှင့် ပေါင်းသင်းဆက်ဆံမှုများကိုအခြေခံပြီး လိုအပ်သော စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ရှိလာအောင် လူမှုဝန်ထမ်းနည်းစနစ်များဖြင့် ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရည်တူမျှော်ဆောင် နှစ်ပြည်ထောင်အကျိုး

✧ အိမ်နီးနားချင်း၊ ချစ်ကြည်ခြင်းကို
ရင်းရင်းနှီးနှီး ပြခဲ့ပြီ။

✧ ပေါက်ဖော် ဆွေမျိုး၊ နှစ်ပြည်အကျိုးကို
သယ်ပိုး ဆောင်ရွက် နိုင်ခဲ့ပြီ။

✧ အေးအတူ ပူအမျှ
အတူတကွ ရပ်တည်
ခိုင်ကျည် စိတ်ထား၊ မကွဲပြားဘဲ
မိသားစု စိတ်၊ မိတ်ဆွေ စိတ်ဖြင့်
ပုံရိပ်စုံစွာ၊ မင်္ဂလာတို့
နှစ်ဖြာ အကျိုး၊ ဂုဏ်ရှိန် တိုးအောင်
ဆတိုး မြှင့်တင် နိုင်စေသော်ဝ်။
ရွှေလမ်း ငွေလမ်း သာစေသော်ဝ်။
ဆွေမျိုးပေါက်ဖော် အကြည်တော်။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(နိုင်ငံတော်သမ္မတကြီး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ကို ဂုဏ်ပြုလျက်....)



## တောင်ကြီးမြို့၌ တောင်သူပညာပေးကွင်းသရုပ်ပြပွဲ ကျင်းပ

**တောင်ကြီး ဇွန် ၂၀**

ကြံစိုက်တောင်သူများ ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေသြဇာနှင့် မြေပြုပြင်မြေသြဇာများ စနစ်တကျတွဲဖက်အသုံးပြုခြင်းဆိုင်ရာ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကြံသီးနှံမျိုးသန့်ခြံ(ကျောက်နီ)ခြံ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဓာတ်မြေသြဇာများကို အလွန်အကျွံသုံးစွဲခြင်းဖြင့် မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိများ၊ ဓာတ်ဂုဏ်သတ္တိများလျော့နည်းလာခြင်း၊ ကုန်ကျစရိတ်များခြင်း၊ ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းခြင်းများကြောင့် ဓာတ်မြေသြဇာသုံးစွဲမှုကိုလျှော့ချပြီး သဘာဝမြေဆွေးများ စနစ်တကျတွဲဖက်အသုံးပြုသင့်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ တောင်သူနည်းပညာပေးကွင်းသရုပ်ပြပွဲသို့ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၂၅ ဦး၊ တိမ်ဖြူတောင်ကြံစိုက်ပျိုးရေးကုမ္ပဏီမှ ကိုးဦး၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ဆီဆိုင်မြို့နယ်တို့မှ ကြံစိုက်တောင်သူ ၄၇ ဦး စိတ်ပါဝင်စားစွာ လေ့လာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်

**သာပေါင်း ဇွန် ၂၀**

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း (၁/၂၀၂၆)ကို ဇွန် ၁၇ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇေယျာထိုက်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူ ၃၀ တို့အားသင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**





ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အောက်ပိုင်းကျောင်း၌ ဇွန် ၁၇ ရက်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြို့နယ်ပညာရေးမှူး ဦးကျော်လှိုင်နှင့် မြို့နယ်လဝကဦးစီးမှူး ဦးဇော်မင်းဦးတို့က ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်စဉ်။ ဝင်းကြိုင်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ရွာပုလဲကျေးရွာအုပ်စု ထိပ်ပေါက်ကုန်းကျေးရွာပိုင် သုည ဒသမ ၂၉ ဧက အကျယ်မြေနေရာ၌ သစ်ပင်စိုက်ပွဲ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးနှင့်တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုပေါင်းစိုက်ပျိုးစဉ်။ ပေါင်းတည်(ပြန်/ဆက်)



# မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှု (၇၆)နှစ်ကာလမှသည် နှစ်ပေါင်းထောင်ချီ

**မောင်ငြိမ်းအေး**

**(ယမန်နေ့မှအဆက်)**

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ မဟာဗျူဟာနှင့် စီးပွားရေးတိုးတက်မှု အလားအလာများအတွက် အိန္ဒိယ သမုဒ္ဒရာထွက်ပေါက်သို့ ဆက်သွယ်ချိတ်ဆက်ပေးထားသည့် ပေါင်းကူးတံတားသဖွယ်ဖြစ်သည်။ ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမကြီး (Belt and Road Initiatives – BRI) စီမံကိန်းနှင့် မြန်မာ–တရုတ်စီးပွားရေးစင်္ကြံ (CMEC)တွင် မဟာဗျူဟာမြောက်ဝင်ပေါက် (Strategic Gateway)၊ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့်နေရာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်ရုံမျှမက အာဆီယံနိုင်ငံများတွင် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်လမ်းကြောင်း အတိုဆုံးပေးနိုင်သောနိုင်ငံဖြစ်သည်။ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ တရုတ်နိုင်ငံသို့ ရောက်ရှိလာချိန်တွင် တရုတ်နိုင်ငံက အကောင်အထည်ဖော်လျက်ရှိသည့် ရပ်ဝန်းနှင့်ပိုးလမ်းမကြီးစီမံကိန်း၏စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်မြှင့်တင်ရေးတွင် မြန်မာနိုင်ငံလည်း ပါဝင်မည့်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာသည်။

အဆိုပါအခွင့်အလမ်းသစ်မှာ ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ငါးနှစ်တာကာလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အကောင်းမွန်ဆုံး တိုးတက်မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပသည့် "Myanmar–China Investment and Trade Networking Summit" (MCITP–2026) Shanghai အခမ်းအနားဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက်နံနက်ပိုင်းတွင် ရှန်ဟိုင်းမြို့ လင်းကန်အထူးဇုန်ရှိ Radisson Collection Lingang Shanghai ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးပြောကြားခဲ့သည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ ဇွန် ၁၈ ရက်က Myanmar–China Investment and Trade Networking Summit (MCITP–2026) Shanghai ဖွင့်ပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**အလားအလာကောင်းများ**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက "ယခုခရီးစဉ်သည် တရုတ်နိုင်ငံ၏ "Belt and Road Initiatives" စီမံကိန်း၊ မြန်မာ–တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများ၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP) တို့မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများကို အကျိုးပြုစေမည့် ရလဒ်များဖြစ်ပေါ်စေရေး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဖော်ဆောင်ရန်နှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ထို့အတူ တရုတ်နိုင်ငံ၏ စီးပွားရေးအချက်အချာလည်းဖြစ်သကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး၊ ကုန်သွယ်မှုနှင့် နည်းပညာကဏ္ဍများတွင် ထိပ်တန်းမှ ရပ်တည်နေသည့်အပြင် ရှန်ဟိုင်းစတော့အိတ်ချိန်းနှင့် ရှန်ဟိုင်းဆိပ်ကမ်း၊ အဆင့်မြင့်လေဆိပ်၊ မီးရထားလမ်းကွန်ရက်များ ပိုင်ဆိုင်ထားသည့် ရှန်ဟိုင်းမြို့မှ လုပ်ငန်းရှင်များနှင့် မိမိတို့မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ အတူတကွပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်နိုင်ရန်လည်း ဖြစ်ပါကြောင်း၊ ရှန်ဟိုင်းအပါအဝင် တရုတ်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်အရ မြန်မာနိုင်ငံမှ အရည်အသွေးမြင့်ကုန်စည်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံတို့ကို ပိုမိုတင်ပို့နိုင်မည့် ကုန်သွယ်မှုလမ်းကြောင်းများ ပိုမိုပွင့်လန်းလာစေရန်နှင့် ဒီဂျစ်တယ်စီးပွားရေး (Digital Economy)၊ အီလက်ထရွန်နစ်ကုန်သွယ်မှု (E-commerce) နှင့် ဆန်းသစ်တီထွင်မှု (Innovation) အပိုင်းများတွင် ရှန်ဟိုင်း၏ အဆင့်မြင့်နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းပြီး မြန်မာ့နည်းပညာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ဖော်ထုတ်နိုင်ရေးအတွက်လည်း ရည်ရွယ်ပါကြောင်း"ပြောကြားခဲ့သည်။

> ❝နိုင်ငံတော်သမ္မတကြီး၏ ယခုခရီးစဉ်သည် တရုတ်နိုင်ငံ၏ "Belt and Road Initiatives" စီမံကိန်း၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများ၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) တို့မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများကို အကျိုးပြုစေမည့် ရလဒ်ကောင်းများ ပေါ်ထွက်လာခဲ့သည်။ နှစ်နိုင်ငံအပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ လေးစားယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုခရီးလမ်းအတွက် ခိုင်မာလှသည့် အခြေခံအုတ်မြစ်ကြီးတစ်ခု ဖြစ်စေခဲ့❞

**လာရောက်ရင်းနှီးမြှုပ်နှံ**

မြန်မာနိုင်ငံသည် သဘာဝတည်နေရာအရ ကမ္ဘာ့လူဦးရေအများဆုံး အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ အကြား ကြီးမားသည့်ဈေးကွက်နှင့် လျင်မြန်စွာတိုးတက်နေသည့် အာဆီယံဒေသတွင်း၏ အချက်အချာကျသည့်နေရာတွင်တည်ရှိနေသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် တော၊ တောင်၊ ရေ၊ မြေ၊ ရာသီဥတုရှိပြီး အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေ အများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ ထိုကဲ့သို့ စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကိုအသုံးချပြီး စိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံဖြစ်စေရေး မူဝါဒချမှတ်ဆောင်ရွက်နေသည်။ လက်ရှိတွင် မြန်မာနိုင်ငံစိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးလျက်ရှိပြီး အထွက်နှုန်းမြင့်မားရန် လိုအပ်ချက်များရှိနေဆဲဖြစ်သည်။ တရုတ်နိုင်ငံသည် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာမြင့်မားပြီး ဈေးကွက်အရွယ်အစားကြီးမားသည်။ တရုတ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးရှိစေမည့် Value Chain ကို ဖန်တီးနိုင်မည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများကို ပြည်ပမှတင်သွင်းလျက်ရှိရာ ဆေးပစ္စည်းကိရိယာ ထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံအနေဖြင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်သည့် အခြေအနေများကို နိုင်ငံတော်သမ္မတက ရှင်းလင်းပြောကြားဖိတ်ခေါ်ခဲ့သည်။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဓိကအားဖြင့် ကုန်းလမ်းနှင့်ရေလမ်းနှစ်မျိုး အသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ(BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်–အင်ဒိုချိုင်းနားကျွန်းဆွယ်စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိသည်။ အဆိုပါစီမံကိန်းအောက်တွင် နှစ်နိုင်ငံအကျိုးကျေးဇူးများစွာရရှိစေနိုင်မည့် တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ (China–Myanmar Economic Corridor – CMEC)ကို တည်ထောင်ဆောင်ရွက်လျက်ရှိပြီး CMEC ၏ အဓိကကျသည့် အစိတ်အပိုင်းဖြစ်သည့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်း စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အဆိုပါစီးပွားရေးစင်္ကြံတစ်လျှောက် အထူးစီးပွားရေးဇုန်များ (SEZs)၊ စက်မှုဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံ (Logistics Hubs) များတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများရှိနေသည်။

**ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်**

မြန်မာနိုင်ငံသည် ရေနံနှင့်ဓာတ်ငွေ့ထွက်ရှိသည့် နိုင်ငံဖြစ်သော်လည်း ရေနံသန့်စင်ထုတ်လုပ်သည့် အဆင့်မြင့်နည်းပညာ လိုအပ်ချက်ရှိသည်။ လောင်စာဆီနှင့် ရေနံထွက်ပစ္စည်းများကို ပြည်ပမှ အမြောက်အမြား တင်သွင်းလျက်ရှိသည်။ တရုတ်နိုင်ငံသည် စွမ်းအင်သစ်ထုတ်လုပ်မှုတွင် အောင်မြင်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားမူဝါဒ၊ လျှပ်စစ်မော်တော်ယာဉ်ဖွံ့ဖြိုးရေးမူဝါဒများချမှတ်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးဖော်ဆောင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတက အခွင့်အလမ်းများစွာရှိသည့် ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ခြင်း၊ လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ရေနံသန့်စင်ထုတ်လုပ်ခြင်း၊ ရေနံထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် တရုတ်ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခဲ့သည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်များ(EV) တိုးတက်အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ(EV Policy)ကို ထုတ်ပြန်ထားသည်။ ဘက်ထရီလျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် EV Charger၊ Spare Parts နှင့် Battery တို့ကို ရာခိုင်နှုန်းအချိုးအလိုက် အကောက်ခွန်နှုန်းများ လျှော့ချပေးထားသည်။ မြန်မာနိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကို အားပေးလျက်ရှိသည်။ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းတွင်လည်း အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကိုလည်း ပေးထားသည်။ လျှပ်စစ်သုံးအများပြည်သူသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ (Electric Public Transportation Services)၊ လျှပ်စစ်တက္ကစီနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ (Electric Taxi & Cargo Logistics Services)နှင့် လေအားအသုံးပြုသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် နိုင်ငံတော်သမ္မတက ဖိတ်ခေါ်ခဲ့သည်။

**အားပေးဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိသလို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးအဖြစ် သတ်မှတ် ဖိတ်ခေါ်လျက်ရှိသည်။ ထို့ပြင် နိုင်ငံ၏လက်ရှိလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းစသည့်လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်းထွက်ကုန်များကို အခြေခံသည့် အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံတာယာနှင့် **စာမျက်နှာ ၇ သို့** ❒

❒ စာမျက်နှာ ၆ မှ

ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိသည်။

သမ္မတကြီး ဦးဆောင်သည့် ရွေးကောက်ခံအစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရေးအတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် စည်းမျဉ်း လုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ပြီး လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒီဂျစ်တယ်စနစ် (Digital Transformation) သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိပြီး မြန်မာဒီဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲဖော်ဆောင်လျက်ရှိသည်။ ထို့အတူ မြန်မာနိုင်ငံအလယ်ပိုင်း တောင်ပေါ်ဒေသတွင် မြေဧရိယာ ဧက ၁၀၀၀၀ ခန့် ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းအဖြစ် အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် e-commerce နှင့် ဒီဂျစ်တယ်ဝန်ဆောင်မှု အားကောင်းပြီးဖြစ်သည့်အတွက် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများပင်ဖြစ်သည်။

### အထောက်အကူပြုနိုင်

ဆက်လက်၍ မြန်မာနိုင်ငံ၏မိတ်ဖက် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ချက်အချို့ကို နိုင်ငံတော်သမ္မတက မျှဝေပေးခဲ့သည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်နှင့် ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်ရေးစခန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်နေကြောင်း၊ နှစ်နိုင်ငံ လယ်ယာထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် နှစ်နိုင်ငံအကြား SPS Protocol များ လက်မှတ်ရေးထိုးနိုင်ရေး အပြန်အလှန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ တရုတ်နှင့် မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ၂၀၂၃ ခုနှစ်တွင် ယွမ်ငွေကို မြန်မာနိုင်ငံအတွင်း လိုင်စင်ရဘဏ်များနှင့် ငွေလဲကောင်တာများတွင် တရားဝင်ရောင်းဝယ်ခွင့်ပြုခဲ့ပြီး မြန်မာ-တရုတ်နယ်စပ်ဒေသတွင် မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေကို တရားဝင် တိုက်ရိုက်အသုံးပြုပေးချေခွင့်ပြုခဲ့ကြောင်း၊ ယင်းစနစ်သည် နှစ်နိုင်ငံငွေကြေးဖြစ်သည့် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုဖြစ်သည့်အတွက် စရိတ်စကသက်သာစွာဖြင့်ဆောင်ရွက်နိုင်ပြီး နှစ်နိုင်ငံကုန်သွယ်မှုသာမက နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း အသိပေးရှင်းပြခဲ့သည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရေးအတွက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့သည် ၂၀၂၄ ခုနှစ်တွင် အပြည့်အဝ အသက်ဝင်လည်ပတ်နေပြီ ဖြစ်သည့်အပြင် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုထားကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် ရေရှည်တည်တံ့မည့် ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှုကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပြီး တာဝန်ယူမှုရှိသည့် တရုတ်ရင်းနှီးမြှုပ်နှံမှု (Responsible Investment) လုပ်ငန်းများကို ပြည်တွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကာအကွယ်ပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင်ရှိသည့် တရုတ်ရင်းနှီးမြှုပ်နှံသူများ၏ အဆင်ပြေချောမွေ့စေရေးကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ပြန်လည်ရှင်းလင်းပြောကြား

အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး၊ လျော့ပါးစေရေးနှင့် လျင်ဘေးအန္တရာယ်အလွန် ပြန်လည်ထူထောင်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ ရေအားလျှပ်စစ်နှင့် ရေနက်ဆိပ်ကမ်းများ တည်ဆောက်ရေးကဏ္ဍ၊ လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် မူဝါဒပိုင်းဆိုင်ရာအရ ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်နှင့် ဒေါက်တာချာလီသန်းတို့က လုပ်ငန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်း ဆွေးနွေးရာတွင် လုပ်ငန်းဆက်လက် အကောင်အထည်ဖော်ရန် အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေရသည့် နှစ်နိုင်ငံနှင့်ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းကြီးများအား အမြန်ဆုံး ပြန်လည်စတင်နိုင်ရေး အဆိုပါဒေသများ၌ လုံခြုံရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အာကာသနည်းပညာပိုင်းဆိုင်ရာများတွင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားရန် မြန်မာနိုင်ငံအနေဖြင့် ဆန္ဒရှိပြီး ပူးပေါင်းမှုများဆောင်ရွက်ရန်အတွက်ဖိတ်ခေါ်မှုအား ကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ၌ နည်းပညာပိုင်းဆိုင်ရာများတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့မြင်ရပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ကြမည် ဆိုပါကလည်း နောက်ဆုံးပေါ် နည်းပညာများကို အသုံးပြု၍ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ဈေးကွက်ခိုင်မာမှုတို့ကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဟု အကြံပြုလိုကြောင်းနှင့် အခြားသိရှိရန်လိုအပ်သည်များကို ပြန်လည်ဆွေးနွေးပြောကြားသည်။

### အပြန်အလှန်ဆွေးနွေး

ယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံ၏ စီးပွားရေးအရ ပကတိအခြေအနေနှင့် ဖြစ်ပေါ်တိုးတက်မှုများ၊ အာမခံချက်များ၊ အခွင့်အလမ်းများ၊ မြန်မာနိုင်ငံ၏ ဈေးကွက်၊ ဒေသတွင်းဈေးကွက်၊ တရုတ်နိုင်ငံ၏ဈေးကွက်၊ အဆင့်မြင့်နည်းပညာများနှင့် မြန်မာနိုင်ငံ၏ တည်နေရာအချက်အချာ၊ သဘာဝ သယံဇာတအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်တို့ကို အထိရောက်ဆုံးပေါင်းစပ်နိုင်မည့် ကဏ္ဍများကိုရွေးချယ်ကာ ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ်စုံလင်စွာ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတသည် "Myanmar–China Investment and Trade Networking Summit" (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

"Myanmar–China Investment and Trade Networking Summit" (MCITP – 2026) Shanghai ဖွင့်ပွဲအခမ်းအနားသို့ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ မြန်မာ - တရုတ် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း လူဦးရေ ၆၀၀ ခန့်တက်ရောက်ခဲ့ကြသည်။ MCITP – 2026 Shanghai တွင် မြန်မာ-တရုတ် ကုမ္ပဏီများမှ ပြခန်းပေါင်း ၃၅ ခန်းကို ကဏ္ဍစုံလင်စွာဖြင့် ခင်းကျင်းပြသထားရှိပြီး ယခုကဲ့သို့ နှစ်နိုင်ငံ ထုတ်ကုန်ပစ္စည်းများ ပြသနိုင်ခြင်းအားဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသစ်များ တိုးချဲ့ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းများကို ပိုမိုဖြစ်ပေါ်လာစေမည်ဖြစ်သည်။

> ❖ **နှစ်နိုင်ငံနှင့်ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းကြီးများအား အမြန်ဆုံးပြန်လည်စတင်နိုင်ရေး အဆိုပါဒေသများ၌ လုံခြုံရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်လို**
>
> ❖ **အာကာသနည်းပညာပိုင်းဆိုင်ရာများတွင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားရန် မြန်မာနိုင်ငံအနေဖြင့် ဆန္ဒရှိပြီး ပူးပေါင်းမှုများဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်မှုအား ကြိုဆို**

### လင်းကန်အထူးဇုန်

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မွန်းလွဲပိုင်းတွင် ရှန်ဟိုင်းမြို့ရှိ လင်းကန်အထူးဧရိယာ (Shanghai Lingang Special Area) သို့ သွားရောက်လေ့လာခဲ့ရာ လင်းကန်အထူးဧရိယာပါတီလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Zhao Yi Huai နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Exhibition Centre အတွင်း လှည့်လည်၍ လင်းကန်အထူးဇုန်၏ နယ်မြေအကျဉ်းချုပ်နှင့် ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ ရေနက်ဆိပ်ကမ်းတည်ဆောက်ထားရှိမှုနှင့် လင်းကန်စက်မှုဇုန်တည်ဆောက်ထားရှိမှု မြေပုံ ပုံစံငယ်များ၊ Telsa ကုမ္ပဏီနှင့် Shanghai Motor တို့ ပူးပေါင်းဆောင်ရွက်မှုများ၊ အာကာသနည်းပညာစက်ပစ္စည်းများကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍ ရှန်ဟိုင်းမြို့ Hongqiao Railway Station မှ ဟန်ကျိုးမြို့ Hangzhou East Railway Station သို့ High-Speed Railway G23 ဖြင့် ထွက်ခွာရာ ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ နိုင်ငံတော်သမ္မတသည် ရှန်ဟိုင်းမြို့မှ ဟန်ကျိုးမြို့သို့ အမြန်ရထားဖြင့် သွားရောက်စဉ် လမ်းခရီးတစ်လျှောက်၌ ရထားပို့ဆောင်ရေးစနစ်ဖွံ့ဖြိုးတိုးတက်မှုများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ Green Energy အသုံးပြုထားရှိမှုများ၊ မြို့ပြအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရထားလမ်းတစ်လျှောက် သာယာလှပမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ ယခုခရီးစဉ်သည် တရုတ်နိုင်ငံ၏ "Belt and Road Initiatives" စီမံကိန်း၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများ၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) တို့မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများကို အကျိုးပြုစေမည့် ရလဒ်ကောင်းများပေါ်ထွက်လာခဲ့ သည်။ နှစ်နိုင်ငံအပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ လေးစားယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခရီးလမ်းအတွက် ခိုင်မာလှသည့် အခြေခံအုတ်မြစ်ကြီးတစ်ခု ဖြစ်စေခဲ့သည်။ နှစ်နိုင်ငံကြားသာတူညီမျှ ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်ဦးနှစ်ဖက် ရေရှည်မျှဝေခံစားကြမည့် အခြေအနေကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်သည်။ နှစ်နိုင်ငံသမိုင်းစာမျက်နှာသစ်ကို အတူတကွဖွင့်လှစ်နိုင်ခဲ့ပြီး နှစ်နိုင်ငံပြည်သူများအတွက် ဖွံ့ဖြိုးဝေစည်သည့်အနာဂတ်ကို အစဉ်လက်တွဲဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

( ဆက်လက်ဖော်ပြပါမည်)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား Exhibition Center အတွင်း၌ ဇွန် ၁၈ ရက်တွင် လင်းကန်အထူးဧရိယာပါတီလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Zhao Yi Huai က လိုက်လံပြသပြီး တာဝန်ရှိသူတစ်ဦးက လင်းကန်အထူးဇုန်ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ တက်ရောက်




နေပြည်တော် ဇွန် ၂၀

၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ငလိုက်မုံနစ်ဘိနယ် အမှတ်(၃) တောင်ညို(၃) ကြိုးဝိုင်းအတွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြားပြီး ကံ့ကော်ပင်ကို စတင်စိုက်ပျိုးသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဲဇလီ၊ တမလန်း၊ ခရေ၊ ကံ့ကော်၊ ရေတမာ၊ ယမနေ၊ မဟော်ဂနီနှင့် ဆီသပြေစသည့် အပင်စုစုပေါင်း ၁၅၀၀ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် (ဖုံး၊ သွန်၊ လဲ၊ စစ်) အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲသို့တက်ရောက်အမှာစကားပြောကြားပြီး ကျောင်းဝင်းအတွင်းနှင့် မင်္ဂလာရပ်ကွက်အတွင်း (ဖုံး၊ သွန်၊ လဲ၊ စစ်) လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ ဆေးစိမ်ခြင်ထောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဇလွန်မြို့နယ်၌ သွင်းအားစုဓာတ်မြေဩဇာ ပေးအပ်

ဇလွန် ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ၂၀၂၄ – ၂၀၂၇ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သောဝယ်ကြိတ်လုပ်ငန်းရှင်များက မိုးစပါးစိုက်ပျိုးသည့်တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနိုင်ကျော်စိုးက သွင်းအားစုဓာတ်မြေဩဇာ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဇလွန်မြို့နယ် ကျေးရွာအုပ်စု ၁၈ အုပ်စုမှ တောင်သူ ၈၆၈ ဦးနှင့် စိုက်ဧကပေါင်းတစ်သောင်း လျာထားဆောင်ရွက်ထားခြင်းအတွက် GBS ယူရီးယားအိတ်နှင့် ဖြိုးမောက်ယူရီးယားသွင်းအားစုအိတ်များကို တောင်သူများထံသို့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)



## မြစ်ကြီးနားမြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြစ်ကြီးနား ဇွန် ၂၀

၂၀၂၄ ခုနှစ် မိုးရာသီ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေပြည်သာရပ်ကွက် အားဆာကျေးရွာသွားလမ်း၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့က ပျိုးပင်များအား ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်/ကျေးရွာနေပြည်သူများထံ ဖြန့်ဝေပေးအပ်ကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ ကမ်းနားလမ်း၌ စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်းတို့ ပူးပေါင်း၍ Myitkyina Cleaning Campaign အစီအစဉ်ဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

## ကျော့ကရိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ကော့ကရိတ် ဇွန် ၂၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၈ ရက်က အမှတ်(၂)ရပ်ကွက် အထက(ခွဲ)ဝင်းကြီး၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ အသက်(၁၀)နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူ ၅၀ တို့အား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်နေမှုတို့ကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးမင်းသူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးတို့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## ပေါင်မြို့နယ်၌ ဥပဒေအသိပညာပေး ဟောပြော

ပေါင် ဇွန် ၂၀

မွန်ပြည်နယ် ပေါင်မြို့နယ် အထက(ကျွဲခြံ)၌ ဥပဒေအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မြင့်ထွန်းက မူခင်းကျဆင်းရေးအသိပညာပေးနှင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ ပေါင်မြို့မစခန်းမှူး ဒုရဲမှူးကျော်စိုးသန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ဝင့်ရည်ဦးက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာဌာနအလိုက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ မွန်မလေး(ပြန်/ဆက်)



## မြဝတီမြို့၌ ကော်ဖီနှင့်သီဟိုဠ်ပျိုးပင်များပေးအပ်ပွဲ ကျင်းပ

မြဝတီ ဇွန် ၂၀

ကရင်ပြည်နယ် မြဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ကော်ဖီနှင့် သီဟိုဠ်ပျိုးပင်များအား စိုက်ပျိုး တောင်သူများထံသို့ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



### လေ့လာကြည့်ရှု

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းရွှေက ကော်ဖီနှင့် သီဟိုဠ်ပျိုးပင်များ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကော်ဖီနှင့်သီဟိုဠ်ပျိုးပင်များကို စိုက်ပျိုးတောင်သူများ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကော်ဖီနှင့် သီဟိုဠ်ပျိုးပင်များ လက်တွေ့စိုက်ပျိုးထားမှုများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကမာရွတ်ခရိုင်ဦးစီးမှူး ဦးမင်းနောင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကမာရွတ်မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ဦးနှင့် ဝန်ထမ်းများက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် UID ကောက်ယူခြင်းလုပ်ငန်းများကို ဇွန် ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။ စိမ်းလဲ့(ပြန်/ဆက်)



## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ရှိ သံဃာ့သုသာန် တည်ဆောက်ခြင်းအတွက် အလှူငွေလှူဒါန်း၊ မြန်မာအမျိုးသမီးများနေ့ အကြိုအထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ ကြည့်ရှုအားပေး

စစ်တွေ ဇွန် ၂၀

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီးတို့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဝိမလဓမ္မနာဒ (ခတ်လယ်) ကျောင်းတိုက်၌ သံဃာ့သုသာန် တည်ဆောက်ခြင်းအတွက် အလှူငွေများလှူဒါန်းကြသည်။

ထို့နောက် စစ်တွေမြို့ ခုတင်(၅၀၀) ဆံ့အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့အကြိုအထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်၍ ကျန်းမာရေးဝန်ထမ်းများက စုပေါင်းသွေးလှူရှင်များကို သွေးလှူဒါန်းနိုင်ရန်အတွက် သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယင်းနောက် သွေးလှူဒါန်းကြမည့်သူများကို အာဟာရဖြည့်စွက်စာများ ပေးအပ်ပြီး သွေးလှူဒါန်းရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)





## ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲ တက်ရောက်

ပုသိမ် ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)က ကြီးမှူးကျင်းပသော သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ရှိ သာသနာ့ဗိမာန်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် နိုင်ငံတော်ဩဝါဒါစရိယ ပုသိမ်မြို့ နိဗ္ဗောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ မိန့်ကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်း ဩဝါဒါစရိယဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကန်ကြီးထောင့်မြို့နယ် ဧရာသီရိသုခ ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနက ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးမည့် ဒေသခံတောင်သူများထံ သွင်းအားစုပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး တောင်သူများထံ သွင်းအားစုများ ပေးအပ်ကာ ဇီဝသဘာဝမြေဩဇာ ပြုလုပ်ထားရှိမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဒေါင့်ကြီးတိုက်နယ်ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပေး

ကျောင်းကုန်း ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဒေါင့်ကြီးတိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူများအား ဇွန် ၁၉ ရက်က ကွင်းဆင်းကုသပေးခဲ့ကြသည်။

ကွင်းဆင်းဆေးကုသရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လိုက်လံကြည့်ရှု၍ အားပေးခဲ့ပြီး လာရောက်ပြသသည့်လူနာများအား မုန့်နှင့်ရေသန့်ဘူးများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် သန္နိမီးသတ်တပ်ဖွဲ့ဝင်များက ဗိုလ်ချုပ်လမ်း နာရီစင်ရှေ့တွင် ဇွန် ၁၆ ရက်က သဘာဝဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။

မိုးဟိန်းထက်



မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ ဝန်ထမ်း ၇၂ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို ဇွန် ၁၉ ရက်က မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးတွင် ထိုးနှံပေးစဉ်။

ခရိုင်(ပြန်/ဆက်)



## မိုင်းရယ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ပြုလုပ်

မိုင်းရယ် ဇွန် ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာ ဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ပြုလုပ်သည်။



မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာလာက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ပညာရေး ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## အလုပ်ခွင် ထိခိုက်သေဆုံးမှုအတွက် အကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ထုတ်ပေး

မန္တလေး ဇွန် ၂၀

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က မန္တလေးမြို့ အမရပူရမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Grand Royal Group မှ အာမခံအလုပ်သမား ဦးတင်မိုးဝင်းသည် အလုပ်တွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ကျပ် ၁၈၀၀၀၀၀၀ ကို ဦးတင်မိုးဝင်း၏ ဇနီးဖြစ်သူ ဒေါ်မြင့်မွန်သော်အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

ထားဝယ် ဇွန် ၂၀

၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ လေယာဉ်ကွင်းတိုးချဲ့မြေနေရာအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးတို့က ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တက်ရောက်လာသူများအား စိုက်ပျိုးမည့် သစ်ပင်ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကံ့ကော်ပင်အား စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ ပျိုးပင်အမျိုးအစား ကိုးမျိုး၊ ပျိုးပင် ၆၆၄ ပင် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ထားဝယ်ခရိုင် မြို့နယ်များအတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကျေးရွာများရှိအကျိုးဆောင်တောင်သူများအား ဆင်းသုခမျိုးစပါး၊ လက်ဆွဲမျိုးစေ့ချကိရိယာများပေးအပ်ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)






# ရေကြည်မြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းမြေမြှုပ်ပွဲ ကျင်းပ

ရေကြည် ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဆပ်ကွင်းကျေးရွာအုပ်စု စည်ဂွကျေးရွာ တောင်သူဦးရဲနောင်ဝင်း၏ လယ်မြေငါးဧကတွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မြေမြှုပ်ထည့်သွင်းခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

ကွင်းသရုပ်ပြပွဲသို့ ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်လင်းနှင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ပြီး သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) အစိုအထွက်နှုန်း တစ်ဧကလျှင် ၇ ဒသမ ၈၅ တန် ထွက်ရှိခဲ့ရာ ဓာတ်မြေဩဇာ လေးအိတ်နှင့်ညီမျှသော အာဟာရဓာတ် ထည့်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

## တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်

သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် လေမှနိုက်ထရိုဂျင်ဓာတ်ကို စုပ်ယူပြီး အပင်ကြီးထွားဖြစ်ထွန်းမှုအတွက် အသုံးပြုနိုင်မည်ဖြစ်ကာ မြေဆီလွှာကို အဓိကအားဖြင့် နိုက်ထရိုဂျင်ဓာတ် ဖြည့်တင်းပေးခြင်းဖြစ်သောကြောင့် ဓာတ်မြေဩဇာ ကုန်ကျစရိတ်သက်သာပြီး တောင်သူများ၏အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒလမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်ပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်း ဒလမြို့ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း၌ ဇွန် ၁၉ ရက်က မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်း ရဲချုပ်(ငြိမ်း)က မြန်မာနိုင်ငံသို့ မူးယစ်ဆေးဝါးအမျိုးမျိုး စတင်ရောက်ရှိလာပုံနှင့် ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စိတ်ကျန်းမာရေးအထူးကု ဆရာဝန်ကြီး ဒေါက်တာအောင်သော်က စိတ်ကြွဆေးများတွင်ပါဝင်သည့် ဓာတုဗေဒပစ္စည်းများ၏ ဘေးအန္တရာယ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြောက်ဥက္ကလာပမြို့နယ်၌ အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၀

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ဦးဆောင်၍ အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက (၄)ရပ်ကွက် ဣန္ဒာလမ်းရှိ ဣန္ဒာဓမ္မာရုံ၌ ပြုလုပ်သည်။



## ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးသူက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးအောင်မင်းက အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာပေး ဟောပြောရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မြောက်ဥက္ကလာပမြို့နယ် တာဝန်ခံ ဦးကျော်မင်းထွန်းက သန့်ရှင်းသောပတ်ဝန်းကျင်အတွက် အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်ကြပါရန်နှင့် အမှိုက်များကို လမ်းဘေးတွင် ပစ်ချခြင်းမပြုဘဲ စည်ပင်သာယာ၏ အမှိုက်ပုံးများတွင်သာ စွန့်ပစ်ပေးကြရန်တို့ကို ဟောပြောခဲ့ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာကျော်စွာလွင် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများ ပါဝင်သည့် အဖွဲ့သည် ပန်းတနော်မြို့နယ် ချောင်းကလေးတိုက်နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးခြင်းကိုဇွန်၁၈ရက်က ချောင်းကလေးတိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ပေးစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)

# ရေတာရှည်မြို့နယ်၌ ဒေါင်လိုက်မြေဖွစက်ဖြင့် မြေပြုပြင်ထွန်ယက်ခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

ရေတာရှည် ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈) စက်မှုလယ်ယာစခန်းမှ ဒေါင်လိုက်မြေဖွစက်ဖြင့် မြေပြုပြင်ထွန်ယက်ခြင်း သရုပ်ပြပွဲကို ဇွန် ၁၆ ရက်က မြောက်နန်ချွန်ကျေးရွာ၌ ကျင်းပသည်။

မြောက်နန်ချွန်ကျေးရွာ ကွင်းအမှတ်(၆၇၄)ရှိ တောင်သူ ဦးကျော်လွင်၏ ယာမြေ သုံးဧကတွင် ဒေါင်လိုက်မြေဖွစက် (Power Harrow)ဖြင့် မြေပြုပြင်ထွန်ယက်ခဲ့ကြောင်း သိရသည်။

## ရှင်းလင်းပြောကြား

ဆက်လက်ပြီး ခရိုင်ဦးစီးဌာနမှူး ဦးကျော်မင်းဦးက Power Harrow အသုံးပြု၍ မြေပြုပြင်ထွန်ယက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများနှင့် စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို တောင်သူများအား သိရှိနားလည်စေရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# တောင်တွင်းကြီးမြို့၌ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်းပို့ချ

တောင်တွင်းကြီး ဇွန် ၂၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်းကို ယမန်နေ့က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးမိုးဝင်း က မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများ မဖြစ်ပွားစေရေး အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်း ပြောကြားသည်။

## ဖွင့်လှစ်ပို့ချ

အဆိုပါသင်တန်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျွဲ/နွား ကူးစက်ရောဂါများနှင့် ကာကွယ်ဆေးများ၊ အာဖရိကဝက်အပြင်းဖျားရောဂါနှင့် အခြားရောဂါများ၊ ရောဂါကူးစက်ပျံ့နှံ့ပုံနှင့် မွေးမြူရေးခြံများ ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးပို့ချပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ မွေးမြူသူများနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ တက်ရောက်ကြပြီး သင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဦးမျိုး(ဗိသနိုးမြေ)

# ရန်ကုန်ဗုဒ္ဓတက္ကသိုလ်၏ (၁၈) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်ဗုဒ္ဓတက္ကသိုလ်၏ (၁၈) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ဇွန် ၁၅ ရက်က ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဘိဇမဟာရဋ္ဌဂုရု) သန်လျင်မင်းကျောင်း ဆရာတော် တက်ရောက်ချီးမြှင့်သည်။




ရန်ကုန်ဗုဒ္ဓတက္ကသိုလ်၏ ဘွဲ့ခံ သံဃာတော်များ၊ သီလရှင် ဆရာလေးများ၊ ကျောင်းသား ကျောင်းသူများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ (အဘိဇမဟာရဋ္ဌ ဂုရု) သန်လျင်မင်းကျောင်းဆရာ တော်ထံမှ ဩဝါဒခံယူခြင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် မဟာသိမ်တော်ကြီး ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကုမာရထံမှ ဩဝါဒခံယူခြင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရတို့ထံမှ ဩဝါဒခံယူခဲ့ကြသည်။

**ချီးမြှင့်ပေးအပ်**

ထို့နောက် ရန်ကုန်ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဆရာ ဦးအောင်ဇော်နိုင်က ရန်ကုန်ဗုဒ္ဓ တက္ကသိုလ်၏ ပညာရေးဆိုင်ရာ များကို လျှောက်ထားသည်။ ရန်ကုန်ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော်ကြီးက ဘွဲ့ရစာရင်း အတည်ပြုလွှာကို လက်မှတ် ရေးထိုးပေးခဲ့ပြီးနောက် ဘွဲ့ရ သံဃာတော်၊ သီလရှင်ဆရာလေး များ၊ ကျောင်းသား ကျောင်းသူများ အား ဘွဲ့လက်မှတ်များနှင့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ် ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**



# အိမ်မဲမြို့နယ်၌ အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲ ကျင်းပ

**အိမ်မဲ ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲကို ကျောင်းစုကျေးရွာဓမ္မာရုံ၌ ဇွန် ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်က သင်တန်းဆင်းအမှာ စကားပြောကြားသည်။ ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုနှင့် သင်ထောက်ကူပစ္စည်းများ၊ သင်တန်းဆင်းလက်မှတ်များကို အိမ်မဲမြို့ နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်နှင့် တာဝန်ရှိသူများက ပေးအပ်သည်။

အဆိုပါသင်တန်းကို တစ်လခွဲကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေး ခဲ့ပြီး သင်တန်းသူ ၂၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

# သာကေတမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**ရန်ကုန် ဇွန် ၂၀**

ပြည်တွင်းအခွန်များဦးစီးဌာန သာကေတမြို့နယ်အခွန်ဦးစီးဌာန မှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာ ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၈ ရက်က သာကေတမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းမင်းလတ်က အမှာစကား ပြောကြားပြီး အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက တည်ဆဲအခွန်ဥပဒေများ အရ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်ပတ်သက်၍ သိရှိလိုသည် များ မေးမြန်းခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**





# မင်းလှမြို့၌ (၁၀)တန်းသွား မျိုးစေ့ချကိရိယာဖြင့် မိုးစပါးအစေ့ချခြင်းသရုပ်ပြ

**မင်းလှ ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၇) စက်မှုလယ်ယာစခန်းက လက်ဆက်ကျေးရွာအုပ်စု စိန်ကန့်လန့်ကျေးရွာ တောင်သူ ဦးကျော်ကျော်လွင်၏ လယ်မြေ သုံးဧက၌ (၁၀) တန်းသွားမျိုးစေ့ချကိရိယာဖြင့် မိုးစပါးအစေ့ချသရုပ်ပြ ပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီး ဌာနမှူး ဦးဇော်မြင့်က (၁၀)တန်းသွားမျိုးစေ့ချကိရိယာဖြင့် မိုးစပါးအစေ့ချ စိုက်ပျိုးခြင်းကြောင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ပြောကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ဖြိုးနှင့် ဝန်ထမ်းများက (၁၀)တန်းသွား မျိုးစေ့ချကိရိယာဖြင့် မိုးစပါးအစေ့ချ သရုပ်ပြခြင်းကို ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများက ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

# မြန်အောင်မြို့နယ်၌ သဘာဝဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

**မြန်အောင် ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ နေခြည်ဈေးတွင် ဟင်္သာတ ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းသူမောင်နှင့် ဝန်ထမ်းများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဇွန် ၁၆ ရက် နံနက်ပိုင်းက လမ်းသွားလမ်းလာပြည်သူများ၊ ဈေးရောင်းဈေးဝယ်သူများ၊ ခရီးသွား ပြည်သူများ လက်ဝယ်သို့ ဖြန့်ဝေပေးကြသည်။

ထိုသို့ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြန်အောင်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးတင်ဝင်းရွှေနှင့် ကော်မတီအဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကြုံတွေ့လာပါက ဆောင်ရွက်ရမည့်အချက် များ၊ ဆောင်ရန်/ရှောင်ရန်များပါဝင်သည့် အသိပညာပေးလက်ကမ်း စာစောင် ၅၀၀ ကို ပြည်သူလူထုလက်ဝယ်သို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





# သမဝါယမအသင်းသား တောင်သူများအား မျိုးနှင့်သွင်းအားစုများ ပေးအပ်

**ဇီးကုန်း ဇွန် ၂၀**

(၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် သမဝါယမကဏ္ဍမှ မိုးစပါးစီမံကိန်းသီးနှံ စိုက်ပျိုး သော အသင်းသားတောင်သူများအား မျိုးနှင့်သွင်းအားစုများ ပေးအပ်ပွဲ ကို ဇွန် ၁၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးလှမိုးက အမှာစကားပြောကြားပြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ရွှေစင်က မျိုးနှင့်သွင်းအားစုများပေးအပ် ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ၊ သမဝါယမဦးစီးဌာနဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌတို့က မိုးစပါးစိုက်ဧက ၁၂၀၀ အတွက် ကျပ်သိန်း ၃၀၀၀ နှင့်ညီမျှသော မျိုးနှင့်သွင်းအားစုများကို အသင်းသားတောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နမ့်စန်ခရိုင်ဥပဒေရုံးတွင် ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာများ တွေ့ဆုံမေးမြန်း

**နမ့်စန်(တ) ဇွန် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ ဥပဒေအရာရှိများအား ဥပဒေကျင့်ဝတ်ဆိုင်ရာများ တွေ့ဆုံမေးမြန်းခြင်းကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ခရိုင်ဥပဒေရုံး၌ ဆောင်ရွက်သည်။

**တွေ့ဆုံမေးမြန်း**

ဦးစွာ ခရိုင်ဥပဒေအရာရှိ ဦးသက်ခိုင်ဦးက ဥပဒေရေးရာဝန်ကြီး ဌာနက ဥပဒေဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် လုပ်ငန်းများအောင်မြင်စေရေးအတွက် လွတ်လပ်မှု၊ ဘက်မလိုက်မှု ၊သိက္ခာသမာဓိရှိမှု၊ ကိုယ်ကျင့်သိက္ခာကောင်းမွန်မှု ဟူသည့် တရားစီရင်ရေး၏ အဖိုးတန်စံနှုန်းများကို လိုက်နာတတ်စေရန်၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများ၊ ပြည်သူ များနှင့် ဥပဒေအရာရှိအချင်းချင်း ထိတွေ့ဆက်ဆံရာတွင် ရာထူးနှင့် လျော်ညီသောအရည်အချင်းရှိပြီး လုပ်ငန်းတာဝန်နှင့်သက်ဆိုင်သော ကျင့်ဝတ်သိက္ခာစောင့်ထိန်းစေရန်တို့ကို ရည်ရွယ်၍ တွေ့ဆုံမေးမြန်း ခြင်းဖြစ်ကြောင်း ပြောကြားသည်။ နမ့်စန်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်နှင့် မိုးနဲမြို့နယ်တို့မှ ဥပဒေအရာရှိများကို ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ မေးခွန်းများ တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**



# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသားလေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဇွန် ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေထိုင်ခဲ့သည့် တရုတ်နိုင်ငံသားလေးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၂၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၁၈ ဦးကို ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျိုက်ထို ဇွန် ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်နိုင်ရေး စုပေါင်းဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန် ၁၈ ရက်က ကျိုက်ထိုမြို့ မြောက်ပိုင်းရပ်ကွက်ရှိ ကဒက်ချောင်းရေထိန်းတံခါး၌ ပြုလုပ်သည်။

ရှင်းလင်းပြောကြား

ဇာတ်တိုက်လေ့ကျင့်ရာတွင် ကျိုက်ထိုခရိုင် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က ဘေးအန္တရာယ်ဖြစ်ပွားခဲ့မှုအခြေအနေများနှင့် ဘေးမဖြစ်မီ၊ ဘေးဖြစ်ဆဲ၊ ဘေးဖြစ်ပွားပြီး စနစ်တကျဆောင်ရွက်မည့် အစီအမံများနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးရဲညွန့်ထွေးက မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်သည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ကဏ္ဍအလိုက် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ခိုးမှုကျူးလွန်ရန် နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသမီးငယ်တစ်ဦးအား အဓမ္မပြုကျင့်သတ်ဖြတ်မှုကျူးလွန်ခဲ့သူ အမျိုးသားတစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၀

ရန်ကုန်တိုင်း ဒေသကြီး လှိုင်မြို့နယ်၌ ခိုးမှုကျူးလွန်ရန် နေအိမ်အတွင်း ဝင်ရောက်၍ ၎င်းနေအိမ်အတွင်းရှိ အမျိုးသမီးငယ်တစ်ဦးအား အဓမ္မပြုကျင့်သတ်ဖြတ်မှုကျူးလွန်ခဲ့သူ အမျိုးသားတစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက်နေ ဒေါ်xxxxx(၄၇)နှစ်သည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ၎င်း၏နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်း အိပ်ရာခုတင်ပေါ်၌ သမီးဖြစ်သူ မxxxxxxxxxx(၁၅)နှစ်အား မိန်းမအင်္ဂါတွင် သုတ်ရည်တွေ့ရှိရပြီး လည်ပင်းယာဘက်တွင်ဓားဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အဓမ္မပြုကျင့်၍ သတ်ဖြတ်သွားသူအား အရေးယူပေးရန် တိုင်တန်းချက်အရ လှိုင်မြို့မရဲစခန်း(ပ)၁၅၁/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၇၆ ဖြင့် အမှုဖွင့်လှစ်ပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် ဒုစရိုက်မှုများကို မလိုလားသည့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တရားခံအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အမျိုးသမီးငယ်အား အဓမ္မပြုကျင့်၍ သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တွံတေးမြို့နယ် သရက်နှစ်ပင်ကျေးရွာနေ အောင်ကျော်စိုး(ခ) အင်ဂျင်ဝိုင် (၃၈)နှစ် (ဘ)ဦးသိန်းထွန်းအား ယင်းနေ့ ညနေပိုင်းတွင် အဆိုပါကျေးရွာထိပ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ အောင်ကျော်စိုး(ခ) အင်ဂျင်ဝိုင်အား စစ်ဆေးချက်အရ ၎င်းသည် ဇွန် ၁၉ ရက် နံနက် ၁ နာရီခန့်တွင် လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းသို့ ဝင်ရောက်ကာ iPhone 15 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်နှစ်သိန်းတို့ကို ခိုးယူခဲ့ပြီး အဆိုပါနေအိမ်မှ နှစ်အိမ်ကျော်ရှိ နေအိမ်အတွင်းသို့ ခိုးမှုကျူးလွန်ရန် ထပ်မံဝင်ရောက်စဉ် နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း အိပ်ပျော်နေသည့် အမျိုးသမီးငယ်တစ်ဦးအား တွေ့ရှိရသဖြင့် အဓမ္မပြုကျင့်၍ ၎င်းယူဆောင်လာသည့် ခဲတံချွန်ခေါက်ဓားဖြင့် လည်ပင်းအားလှီး၍ သတ်ဖြတ်ခဲ့ကာ နေအိမ်မှပြန်လည်ထွက်ခွာလာခဲ့ပြီး ၎င်းခိုးယူလာခဲ့သည့် လက်ကိုင်ဖုန်းအား ငွေကျပ်နှစ်သိန်းဖြင့် ရောင်းချ၍ ရရှိလာသောငွေများကိုအရက်သောက်စားသုံးစွဲခဲ့ပြီး ၎င်းနေထိုင်ရာ တွံတေးမြို့နယ် သရက်နှစ်ပင်ကျေးရွာသို့ ပြန်လာခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူ တရားခံ အောင်ကျော်စိုး(ခ) အင်ဂျင်ဝိုင်အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သုံးခွမြို့နယ် ဦးစီးမှူးရုံးက သိုက်တူးကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အသက်(၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား ဇွန်၁၇ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မြတ်စု၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးမောင်မောင်သင်၊ မြို့နယ်(လဝက) ဦးစီးမှူး ဦးစသန့်ဖူးအောင်တို့က ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်စဉ်။ ကိုကျော်(သုံးခွ)

## မြောက်ဥက္ကလာပမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသင့်ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေး လျင်မြန်စွာ တုံ့ပြန်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် တပ်ဖွဲ့ဝင်များအား အသင့်ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြောက်ဥက္ကလာပမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမိုးသူနှင့် အဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် တပ်ဖွဲ့ဝင်များအား အသင့်ဆောင်ရွက်ထားရှိသည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြောက်ဥက္ကလာပမြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူမျိုး ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား အသင့်စုဖွဲ့ဆောင်ရွက်ထားရှိသည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်


○ ကျောဖုံးမှ

နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဆိုပါကားလမ်းတစ်လျှောက် မိုင်းရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြိုင်မြို့နယ် နှမ်းဆီကန်ကျေးရွာနှင့် သရက်ကန်ကျေးရွာကြားရှိ ကမ္ဘ-မြိုင်သွားကားလမ်းဘေး ဝဲ/ယာဘက်များ၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့ ထောင်ထားသည့် ဆီပီပါဖြင့် ပြုလုပ်ထားသည့် ကားမိုင်းကြီးအလုံး ၂၀၊ လက်လုပ်ရှေ့ထွက်မိုင်း ၁၇ လုံး၊ လက်လုပ်ကားနင်းမိုင်း ၁၅ လုံး၊ လက်လုပ်တိုက်မိုင်း ရှစ်လုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ခြောက်လုံး၊ ဒေသန္တရလက်လုပ်နင်းမိုင်း ၁၂ လုံး၊ အမ်-၁၄ နင်းမိုင်း နှစ်လုံး စုစုပေါင်း လက်လုပ်မိုင်းမျိုးစုံအလုံး ၈၀ တို့ကို ယမန်နေ့က ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါမိုင်းများအား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သက်မဲ့ပြုလုပ်ကာ စနစ်တကျဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။ ထို့ပြင် သရက်ကန်ကျေးရွာအနီးရှိ အကျယ် ၂၈ ပေ၊ အရှည် ၁၂ ပေခန့်ရှိ ပျက်စီးနေသည့် တံတားတစ်စင်းအား မိုင်းရှင်းလင်းကာ ကျောက်၊ သစ်တုံး၊ သဲအိတ်များဖို့၍ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူများ အန္တရာယ်ကင်းစွာ အသုံးပြုဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာအနီး ကမ္ဘ-မြိုင်သွားကားလမ်းမပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံအလုံး ၂၀ အား ထပ်မံဖယ်ရှားရှင်းလင်းနိုင်ခဲ့မှုကို တွေ့ရစဉ်။




# ကန်ကြီးထောင့်မြို့နယ်၌ သစ်စိမ်းမြေဩဇာ ထယ်ထိုးထည့်သွင်းခြင်းကွင်းသရုပ်ပြပွဲကျင်းပ

ကန်ကြီးထောင့် ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ သစ်စိမ်းမြေဩဇာ ထယ်ထိုးထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ဇွန် ၁၈ ရက် နံနက်ပိုင်းက သဘော့ငူကျေးရွာအုပ်စု၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ဒုတိယတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းအောင်သန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်စိုးက တောင်သူများအား လယ်ယာမြေများအတွင်း သစ်စိမ်းမြေဩဇာ ထည့်သွင်းရခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက တောင်သူ ဦးသက်ပိုင်စိုး၏ လယ်ငါးဧကအတွင်း သစ်စိမ်းမြေဩဇာ ထယ်ထိုးထည့်သွင်းမှုအခြေအနေများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။



ကျော်ဇင်စိုး(ပြန်/ဆက်)



# ကျန်းမာရေးအဆင့်မြှင့်ကျောင်းဆင့်ပွားသင်တန်း ပြုလုပ်

ဟသ်ာတ ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ကျန်းမာရေးအဆင့်မြှင့်ကျောင်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ဇွန် ၁၇ ရက်က ဟသ်ာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်က သင်တန်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ဦးစားပေးဆောင်ရွက်မည့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဟသ်ာတမြို့နယ်မှ ပညာရေးဝန်ထမ်း ၃၇ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းတွင် ကျန်းမာရေး အဆင့်မြှင့်ကျောင်းထူထောင်ရေးလုပ်ငန်းစဉ်များကို သင်ကြားပို့ချခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# နတ်တလင်းမြို့နယ်၌ မိုးရာသီတွင်ဖြစ်ပွား တတ်သောရောဂါများအကြောင်း အသိပညာပေး

နတ်တလင်း ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီးဒေါက်တာအေးအေးသန့်က လူနာ၊ လူနာစောင့်များအား မိုးရာသီကာလတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ရောဂါကူးစက်ပုံ၊ ရောဂါလက္ခဏာများ ဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ဇွန် ၁၈ ရက်က တွံတေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်စဉ်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖျာပုံမြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ပေးစဉ်။

အောင်ဝင်းနိုင်(ပြန်/ဆက်)






ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က မြန်အောင်ရေနံမြေအတွင်း ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့်မြို့နယ် တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ မန်ကျည်းရှား စသည့်သစ်မျိုး ၁၁ မျိုး စုစုပေါင်းပျိုးပင် ၁၈၀၀ ကို စုပေါင်းစိုက်ပျိုးစဉ်။

ရောဦးသာ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ပရဟိတအသင်းများဖြစ်သည့် ဂရုဏာရင်ခွင်၊ STT၊ နန်းတော်ဦး၊ ရွှေမင်းဝင်၊ သုခအလင်း၊ စွမ်းရည်တမာန်၊ လူငယ့်အားမာန်၊ ဂရုဏာနှလုံးသား၊ နှလုံးလှမေတ္တာနှင့် ရှင်စောပုလှူမှုရေးအသင်းအဖွဲ့တို့ ပူးပေါင်း၍ ကယ်ဆယ်ရေးလှေ ၁၀ စင်း၊ လူဦးရေ ၁၀၀ ကျော်ဖြင့် ရေဘေးကယ်ဆယ်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန် ၁၉ ရက်က လေးကျွန်းကန်တော်ကြီး၌ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)





## သာယာဝတီမြို့နယ်၌ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

သာယာဝတီ ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှဦးဆောင်၍ CEDAW, BPFA,SDG – 5 အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က သာယာဝတီမြို့နယ် ဆရာစံခန်းမ၌ ကျင်းပသည်။

ဦးစွာ သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက အမျိုးသား၊ အမျိုးသမီးများအကြား စီးပွားရေးအခွင့်အလမ်းများ လက်လှမ်းမီရရှိစေရေးအတွက် အဟန့်အတားဖြစ်စေသည့် ရိုးရာဓလေ့များ၊ အစွဲအလမ်းများနှင့် ယုံကြည်မှုများ လျော့နည်းပပျောက်စေရေးအတွက် စီးပွားရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများအား CEDAW, BPFA, SDG –5 အကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် သာယာဝတီမြို့နယ်အတွင်းမှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## သာပေါင်းမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပေးအပ်

သာပေါင်း ဇွန် ၂၀

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ လယ်ယာမြေဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပြင်ဆင်ထုတ် ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းရောထိုက်က အမှာစကား ပြောကြားသည်။ ထို့နောက်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးထွဋ်ခန့်ဝင်းက ဌာန၏ လုပ်ဆောင်ချက်များကို ရှင်းလင်း ပြောကြားကာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က တောင်သူများထံသို့ ပြင်ဆင်ထုတ်ပေးသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဒေးဒရဲမြို့၌ သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်

ဒေးဒရဲ ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား စပါးအထွက်နှုန်းတိုးတက်စေရေးအတွက် လိုအပ်သော သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ယနေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး မျိုးကောင်းမျိုးသန့်စပါးများ၊ သွင်းအားစုရွက်ဖျန်းအားဆေး၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးနည်းစနစ်များ ဖြန့်ဖြူးပေးအပ်ခြင်းအား ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မိုးစပါးစိုက်ဧက ၁၀၀၀၀ အတွက် ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩဇာအိတ်များကို တောင်သူများ လက်ဝယ်ရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ အေဇာလင်း





## ဟင်္သာတခရိုင်၌ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဆင်းပွဲ ကျင်းပ

ဟင်္သာတ ဇွန် ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်လေးမြင့်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ခရိုင်နှင့် ခရိုင်အတွင်းရှိ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး Advanced Power Point သင်တန်းကို ဇွန် ၈ ရက်မှ ၁၉ ရက်အထိ သင်တန်းသား သင်တန်းသူ ရှစ်ဦးအား သင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ မိုးဟိန်းထက်

## သမဝါယမအသင်းသားတောင်သူများအတွက် သွင်းအားစုမြေဩဇာများပေးအပ်

ပျဉ်းမနား ဇွန် ၂၀

ပြည်ထောင်စု နယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ရွာသာကျေးရွာရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူများအတွက် လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင်)စီမံကိန်း ပံ့ပိုးငွေဖြင့် သွင်းအားစုမြေဩဇာများပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် ရွာသာကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်သည်။



ဦးစွာ ပျဉ်းမနားမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဒေသခံ တောင်သူများ မိုးစပါးစိုက်ပျိုးရာတွင် အသုံးပြုနိုင်ရေးအတွက် လူမှုစီးပွားမြှင့်တင်ရေး(သက်တန့်ရောင်)စီမံကိန်း ပံ့ပိုးငွေဖြင့် ဩဘာပုလဲ သွင်းအားစု မြေဩဇာများကို တောင်သူများထံ ပေးအပ်ကာ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုအပ်သည့် သွင်းအားစုများကို စနစ်တကျ ထည့်သွင်းရေးနှင့် သီးနှံဖျက်ပိုးများ ကျရောက်မှုမရှိစေရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

ချောင်းဆုံ ဇွန် ၂၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဖဖကျေးရွာ၌ ကုန်ထုတ်



လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို ဇွန် ၁၈ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ဖဖကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ပြည်နယ်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဒေသထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သုတ



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အလက(၉)တွင် အသက်(၁၀) နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ထွန်းလင်းနှင့် ဝန်ထမ်းများက ဇွန် ၁၉ ရက်က ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ ခိုင်ထူး(ပြန်/ဆက်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် မီးသတ် ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းခိုင်နှင့် တာဝန်ရှိသူများက မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန် ၁၉ ရက်က ဆောင်ရွက်စဉ်။

လူမော်(ပြန်/ဆက်)



**လျှပ်စစ်**
**သုံးလျှင်**
**သတိယှဉ်**
**ဝန်အားမမျှ**
**မသုံးရ**

# လူတိုင်းလက်လှမ်းမီသော သွားနှင့်ခံတွင်းကျန်းမာရေး နေပြည်တော် သွားနှင့်ခံတွင်းအထူးကုဆေးရုံကြီး၏ ပြည်သူ့အကျိုးပြုမှု

**ဇော်ထွန်းအောင် (ပညာရေး)**




**နိုင်ငံသားတိုင်း၏ ရပိုင်ခွင့်နှင့် ကမ္ဘာ့ဦးစားပေး ကျန်းမာရေးမျှော်မှန်းချက်**

ကျန်းမာရေးစောင့်ရှောက်မှုသည် နိုင်ငံသားတိုင်း၏ ရပိုင်ခွင့်တစ်ခုဖြစ်သည့်အားလျော်စွာ မိမိတို့ နိုင်ငံသူနိုင်ငံသားအားလုံး အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ညီတူညီမျှရရှိနိုင်ရန် အစိုးရက အမျိုးမျိုးသောအစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကမ္ဘာ့ဦးစားပေးဖွံ့ဖြိုးမှုလမ်းကြောင်းတစ်ခုဖြစ်သည့် "လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးလွှမ်းခြုံမှု" (Universal Health Coverage) ပန်းတိုင်ကို လှမ်းကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိရာ ဆင်းရဲနွမ်းပါးသူများနှင့် အခြေခံပြည်သူများအား ဦးစားပေးသည့်စနစ်ကို အမျိုးသားကျန်းမာရေးစီမံကိန်းတွင် အလေးထားဖော်ဆောင်ခဲ့ပါသည်။ ဤကဲ့သို့သော အမျိုးသားကျန်းမာရေးစီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်များနှင့်အညီ ပြည်သူလူထုအတွင်း မရှိမဖြစ် လိုအပ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို ကောင်းမွန်စွာ ပံ့ပိုးပေးလျက်ရှိသော ပြည်သူ့အကျိုးပြု စံပြဆေးရုံကြီးတစ်ခုမှာ "နေပြည်တော် သွားနှင့် ခံတွင်းအထူးကုဆေးရုံကြီး" (Naypyitaw Centre for Oral Health Care) ပင်ဖြစ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့် ဆေးရုံကြီး၏ ရည်မှန်းချက်ပန်းတိုင်များ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် –

(က) လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊

> **အထူးသဖြင့် ဆေးရုံကြီး၏ ပြည်သူတစ်ရပ်လုံးအတွက် အရည်အသွေးမြင့် သွားနှင့်ခံတွင်းစောင့်ရှောက်မှုအစီအစဉ်အောက်တွင် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်လူနာများအားလုံးကို ငွေကြေး တစ်ပြားတစ်ချပ်မျှ ကောက်ခံခြင်းမရှိဘဲ ခွဲစိတ်ကုသမှုများအား အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် သက်ကြီးရွယ်အို အဘိုးအဘွားများအတွက် သွားတုစိုက်ထည့်ပေးခြင်း လုပ်ငန်းစဉ်များကိုပါ စေတနာရှေ့ထား၍ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအတွက် များစွာအားကိုးအားထားပြုဖွယ်ရာဖြစ်**

(ခ) လူတိုင်းရောဂါဘယကင်းရှင်းရေး၊

ဟူသော ရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ထားရှိပါသည်။

အဆိုပါ အဓိကရည်မှန်းချက်များ အောင်မြင်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော နည်းဗျူဟာများမှာ –

(က) အောက်ခြေ ကျေးလက်ဒေသအထိ ကျန်းမာရေးအသိပညာပေးခြင်း၊
(ခ) ရောဂါကာကွယ်တားဆီးခြင်း၊
(ဂ) ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်း၊

နည်းဗျူဟာသုံးရပ်ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

သွားနှင့်ခံတွင်းရောဂါသည် ကမ္ဘာပေါ်တွင် လူပေါင်း ၃ ဒသမ ၅ ဘီလီယံခန့် ခံစားနေရသည့် ရောဂါဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ ၄၂ ရာခိုင်နှုန်းကျော် ခံစားနေရခြင်းဖြစ်၍ ကမ္ဘာပေါ်တွင် အများဆုံးခံစားနေရသည့်ရောဂါဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။ ထိုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစိန်ခေါ်မှုကြီးကို ရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် ပြည်သူများအကြား ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျလာစေရန်အတွက် သွားနှင့်ခံတွင်းအထူးကုဆေးရုံကြီးသည် ကာကွယ်ကုသရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

**မျှော်မှန်းချက်ပန်းတိုင် လေးရပ်နှင့် ပြည်သူ့အကျိုးပြု ကုသမှုလုပ်ငန်းစဉ်များ**

နေပြည်တော် သွားနှင့်ခံတွင်းအထူးကုဆေးရုံကြီးသည် ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသားကျန်းမာရေးမူဝါဒများနှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ဘေးကင်းစိတ်ချရပြီး အဆင့်မြင့်လှသောကုသမှုများရရှိစေရန်အတွက် ဆေးရုံကြီး၏ သီးခြားရည်မှန်းချက်ပန်းတိုင်များဖြစ်သော "(Our Goals)" ကို ခိုင်မာစွာ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

- **ကောင်းမွန်သော သွားဘက်ဆိုင်ရာစောင့်ရှောက်မှု။** ဆေးရုံကြီးသည် လာရောက်ပြသသော လူနာများအားလုံးအတွက် အခြေခံအကျဆုံးသော သွားနှင့်ခံတွင်းကုသမှုများမှစ၍ အဆင့်မြင့်ခွဲစိတ်ကုသမှုအထိ အရည်အသွေးပြည့်ဝပြီး စံနှုန်းမီသော ဆေးကုသမှုဝန်ဆောင်မှုများကို အခမဲ့ပေးအပ်နိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။
- **ကောင်းမွန်သော သွားဘက်ဆိုင်ရာဆေးပညာ။** ရောဂါဖြစ်ပွားမှ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည် ပိုမိုထိရောက်သည်ဟူသော မဟာဗျူဟာအတိုင်း ဆေးရုံကြီးသို့လာရောက်ကြသည့် ပြည်သူလူထုတစ်ရပ်လုံးနှင့် အခြေခံပညာကျောင်းများရှိ ကျောင်းသားလူငယ်များအထိ သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ အခြေခံ အလေ့အကျင့်ကောင်းများနှင့် အသိပညာဗဟုသုတများ နေ့စဉ်နှင့်အမျှ စိမ့်ဝင်ပျံ့နှံ့စေရန် ပြင်းပြင်းထန်ထန် ပညာပေးလှုံ့ဆော်လျက်ရှိပါသည်။
- **သန့်ရှင်းသပ်ရပ်သော ဆေးကုသမှုနေရာ။** ဆေးရုံတွင်းကူးစက်ရောဂါများ ကာကွယ်တားဆီးရေးနှင့် လူနာများ၏ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံတကာဆေးရုံစံနှုန်းများနှင့်အညီ သန့်ရှင်းသပ်ရပ်ပြီး ပိုးမွှားကင်းစင်သော ကုသမှုဝန်းကျင်ကောင်းတစ်ခုကို နေ့စဉ် စနစ်တကျထိန်းသိမ်းတည်ဆောက်ထားရှိပါသည်။
- **ဖော်ရွေသော သွားဆေးဘက်ဆိုင်ရာ ပတ်ဝန်းကျင်။** သွားနှင့်ခံတွင်း လာရောက်ကုသရသူ ပြည်သူများအနေဖြင့် စိတ်ဖိစီးမှုနှင့် ကြောက်ရွံ့မှုများ ကင်းဝေးစေရန်အတွက် ဆေးရုံရှိ အထူးကုပါရဂူကြီးများ၊ ဆရာဝန်များနှင့် ဝန်ထမ်းများအားလုံးက စေတနာရှေ့ထား၍ ကြင်နာပျူငှာစွာ ကုသပေးလျက်ရှိပါသည်။

ဤကဲ့သို့သော လေးနက်လှသည့် ရည်မှန်းချက်ပန်းတိုင်များဖြင့် စနစ်တကျ လည်ပတ်လျက်ရှိခြင်းကြောင့် နေပြည်တော် သွားနှင့်ခံတွင်းအထူးကုဆေးရုံကြီးသည် ပြည်သူများ ငွေကြေးကုန်ကျမှုမရှိဘဲ နေရာမရွေး၊ ဒေသမရွေး အရည်အသွေးမြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရယူနိုင်သည့် စံပြပြည်သူ့ဆေးရုံကြီးတစ်ခုအဖြစ် ခိုင်မာစွာ ရပ်တည်လျက်ရှိပါသည်။

**မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်မှုနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်များ**

နေပြည်တော် သွားနှင့်ခံတွင်းအထူးကုဆေးရုံကြီးတွင် အသက်အရွယ်စုံ ပြည်သူလူထုအတွက် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုများကို ကဏ္ဍစုံမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ဆေးရုံကြီး၏ ပြည်သူတစ်ရပ်လုံးအတွက် အရည်အသွေးမြင့် သွားနှင့်ခံတွင်းစောင့်ရှောက်မှုအစီအစဉ်အောက်တွင် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်လူနာများအားလုံးကို ငွေကြေးတစ်ပြားတစ်ချပ်မျှ ကောက်ခံခြင်းမရှိဘဲ ခွဲစိတ်ကုသမှုများအား အခမဲ့ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်ကြီးရွယ်အို အဘိုးအဘွားများအတွက် သွားတုစိုက်ထည့်ပေးခြင်း လုပ်ငန်းစဉ်များကိုပါ စေတနာရှေ့ထား၍ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအတွက် များစွာအားကိုးအားထားပြုဖွယ်ရာဖြစ်ပါသည်။

**တက်ကြွနိုးကြား၍ ကြင်နာတတ်သော ပါရဂူ၊ ဆရာဝန်များနှင့် အကျင့်ပျက်ခြစားမှုကင်းစင်သော စံနမူနာ**

ဆေးရုံကြီးသို့ လာရောက်ပြသကြသော ပြည်သူလူထု၏ ကိုယ်တွေ့စကားသံများအရ ဆေးရုံကြီးရှိ အထူးကုပါရဂူကြီးများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးက အလွန်တရာ တက်ကြွနိုးကြားကြပြီး လူနာများအပေါ် မိသားစုသဖွယ် လှိုက်လှိုက်လှဲလှဲ ဆက်ဆံတတ်သည့် ယဉ်ကျေးပျူငှာသော နှလုံးသားပိုင်ရှင်များဖြစ်ကြပါသည်။ ပိုမိုအတုယူဖွယ်ကောင်းသောအချက်မှာ ကမ္ဘာ့ဦးစားပေးဖွံ့ဖြိုးမှုလမ်းကြောင်းအတိုင်း ပြည်သူများ ငွေကြေးအခက်အခဲမရှိဘဲ ကုသမှုခံယူနိုင်စေရန်အတွက် မည်သည့်ငွေကြေးအခကြေးငွေမျှ ကောက်ခံခြင်းမရှိသည့်အပြင် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိတရားများ လုံးဝ(လုံးဝ) ကင်းစင်ကာ လူနာများဘက်က ပေးအပ်သော လက်ဆောင်ပစ္စည်းများကိုပင် လက်ခံခြင်းမပြုဘဲ ဖြောင့်မတ်တည်ကြည်စွာ ပြည်သူ့ဝန်ဆောင်မှုကို ဂုဏ်သိက္ခာရှိစွာ ထမ်းဆောင်နေခြင်းပင်ဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံ့ဝန်ထမ်းကောင်းများ၏ စံပြနမူနာကောင်းတစ်ခုဖြစ်ပြီး ပြည်သူများ၏ လေးစားချီးကျူးမှုကို အပြည့်အဝရရှိထားပါသည်။

လူသားအားလုံး ငွေကြေးအခက်အခဲမရှိဘဲ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရန်အတွက် အမျိုးသားကျန်းမာရေးစီမံကိန်းသည် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်များ (ဥပမာ– သင်တန်းများ၊ သတင်းအချက်အလက်စနစ်များ)မှတစ်ဆင့် ဟန်ချက်ညီ ပေါင်းစည်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူတို့၏အားကိုးရာဖြစ်သော နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးမှ မွန်မြတ်သောစေတနာ၊ အနဋ္ဌထိုက်သော ပညာရပ်များဖြင့် လူနာများအပေါ် လူသားချင်းစာနာထောက်ထားစွာ ကူညီစောင့်ရှောက်ပေးနေကြသော အထူးကုပါရဂူကြီးများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးအား နိုင်ငံသူနိုင်ငံသားများကိုယ်စား အထူးပင် လေးစားဂုဏ်ယူဝမ်းမြောက်ပါကြောင်း လေးနက်စွာ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**မြန်မာ့ကျန်းမာရေးကဏ္ဍနှင့် ပြည်သူ့အကျိုးပြုဆေးရုံကြီးများ အစဉ်ထာဝရ တိုးတက်အောင်မြင်ပါစေ။** ။

## ကမ္ဘာသုံး အချက်အကျောစနစ်အတွက် Myanmar Golf Handicap Manager software မိတ်ဆက်အခမ်းအနားပြုလုပ်



ရန်ကုန် ဇွန် ၂၀

ကမ္ဘာသုံး အချက်အကျောစနစ် (World Handicap System) အတွက် Myanmar Golf Handicap Manager software မိတ်ဆက်ခြင်းအခမ်းအနားကို ဇွန် ၁၉ ရက်က ရန်ကုန်မြို့ ကိုးမိုင်ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက် အသင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် World Handicap System ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇာနည်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ဦးဘလှမောင်နှင့် တာဝန်ရှိသူများ၊ မြန်မာဂေါက်သီးရိုက် အသင်း Captain ဦးအေးကိုကိုစိုးနှင့် အလုပ်အမှုဆောင်များ၊ 7th Computing မှ အုပ်ချုပ်မှုဒါရိုက်တာဦးဖြိုးမင်းဇော်၊ ရန်ကုန်ဂေါက်ကလပ်၊ မြန်မာဂေါက်သီးရိုက်အသင်း၊ မြို့တော်ဂေါက်ကွင်း၊ Star City links ဂေါက်ကွင်း၊ ရင်လုံဂေါက်သီးရိုက်အသင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် World Handicap System ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇာနည်ဝင်းက Rules of Handicapping ရှင်းလင်းပြောကြားပြီး 7th Computing မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော်က software အသုံးပြုပုံများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ဂေါက်ကွင်းများနှင့် အသင်းများကို Myanmar Golf Handicap Manager software အသုံးပြုနိုင်ရန် ထည့်သွင်းပေးခဲ့သည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဂေါက်ကွင်းများနှင့် အသင်းများသည် ကမ္ဘာသုံး အချက်အကျောစနစ် (World Handicap System) အတွက် Myanmar Golf Handicap Manager software ကို အသုံးပြုလိုပါက မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ရုံးအဖွဲ့မှူး ဦးထွန်းကျော် ၀၉-၅၁၀၉၃၄၂၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-MGF**

## မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) တို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသော မသန်စွမ်းကလေးများ တက်ရောက်နိုင်ရေး လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
(က) Down Syndrome
(ခ) Autism
(ဂ) Attention Deficit Hyper Activity Disorder (ADHD)
(ဃ) Global Developmental Delay (GDD)
(င) အခြားဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
(စ) ခြေလက်အင်္ဂါမပြည့်စုံသူ (Amputee)
(ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)
၂။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် ကျောင်းအပ်နှံပြီး ကျောင်းသား/သူများပါ တစ်ပါတည်း ခေါ်ဆောင်၍ အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင်လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄)ပုံ၊ မွေးစာရင်းမူရင်းနှင့် မိတ္တူ
၂။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ
၄။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများ

မသန်စွမ်းကျောင်းသားကလေးများသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅) ရပ်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု၊ သိမှုပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် လူမှုဆက်ဆံရေးဆိုင်ရာ ဖွံ့ဖြိုးမှုများ ရရှိလာမည့်အပြင် မိမိတို့၏တစ်နေ့တာလုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး အထူးပညာရေးစနစ်ဖြင့် မူလတန်းပညာသင်ကြားနိုင်မည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း အမှတ် (၂၆) ဘီလမ်း၊ ၅၈ x ၅၉ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၄၂၅၂၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်) ဖုန်း ၀၉-၄၄၈၀၁၉၀၅၀၊ ၀၉-၂၅၀၀၈၇၂၂၉၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၉-၄၀၀၄၀၇၅၄၂၊ ၀၉-၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

**❐ အာရှဖလားမှ**

မြန်မာ ယူ-၂၀ အသင်းသည် ၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတွင် နောက်ဆုံးအဆင့် တိုက်ရိုက်ခြေစစ်ပွဲကစားမည့်အဆင့်တွင် ဝင်ရောက်ကစားခွင့်မရဘဲ Development phase တွင်သာ ကစားခွင့်ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ ယူ-၂၀ အသင်းသည် Development phase တွင် ရလဒ်ကောင်းမှသာ ၂၀၂၉ ပြိုင်ပွဲ ခြေစစ်ပွဲတွင် တက်လှမ်းယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ Development phase တွင် အုပ်စုသုံးခု ပါဝင်မည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ၂၀၂၉ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲသို့ တက်လှမ်းကစားခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲ အုပ်စု (K) တွင် မော်လ်ဒိုက်၊ သီရိလင်္ကာ၊ ဘရူနိုင်းအသင်းတို့နှင့် ကျရောက်နေသည်။

နိုင်ငံတကာခြေစမ်းပွဲ ကစားစေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၀ အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုဂျီက ကိုင်တွယ်နေပြီး ပြီးခဲ့သည့်နှစ်ကတည်းက ကာလရှည်ဖွဲ့စည်းထားသည့် အသင်းလည်းဖြစ်သည်။ ယင်းအသင်းသည် ပြီးခဲ့သည့်နှစ်က junior Lions အသင်းအမည်ဖြင့် MNL ယူ-၂၁ လိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလို ယခုနှစ်တွင်လည်း MNL-2 (ပထမတန်း) ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဇွန်လဆန်းပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသည့် ၂၀၂၆ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာ ယူ-၂၀ အသင်းသည် ၂၀၂၇ အာရှဖလား

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ရမည်းသင်းခရိုင်အတွင်းရှိ ရေလှောင်တမံများ၊ ဆည်/ကန်များမှ နွေစပါးနှင့်နွေသီးနှံစိုက်ခင်းများသို့ အောင်ရေလုံလောက်စွာပေးဝေနိုင်ခဲ့



ပျော်ဘွယ် ဇွန် ၂၀

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းခရိုင်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ထိန်းသိမ်းထားရှိသည့် ရေလှောင်တမံများ၊ ဆည်/ကန်များမှ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နွေစပါးနှင့် နွေသီးနှံအမျိုးမျိုးတို့အတွက် စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ခဲ့သည်။

ရမည်းသင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ် နွေစပါးနှင့် နွေသီးနှံများအတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးလျက်ရှိရာ ရမည်းသင်းမြို့နယ်မှ သစ်ဆုံရေလှောင်တမံ၊ ကတင်ကန်၊ ကျီးနီကန်၊ သားတစ်ရေလွှဲဆည်၊ ပျော်ဘွယ်မြို့နယ်မှ ချောင်းမကြီး ရေလှောင်တမံ၊ နတ်ကာ ရေလှောင်တမံ၊ ချောင်းကောက် ရေလှောင်တမံ၊ ငန့်ဇင်းကန်တို့မှ စိုက်ခင်းများ အောင်မြင်သည်အထိ အောင်ရေပေးဝေခဲ့ရာ ခရိုင်အတွင်း နွေစပါး ၅၀၈၄ ဧက၊ နွေသီးနှံမျိုးစုံ ၅၄၂၃ တို့ကို အောင်ရေများ ပေးဝေနိုင်ခဲ့ပြီး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**✻ အမေရိကန်အသင်းမှ**

ဘရာဇီးအသင်းဟာ ဟေတီအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၄ မှတ်စုဆောင်းနိုင်ခဲ့ကာ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပြီး လာမယ့်ပွဲစဉ်မှာ စကော့တလန်အသင်းကို အနိုင်ရပါက ကမ္ဘာ့ဖလား ၃၂ သင်းအဆင့် တက်လှမ်းနိုင်မှာလည်းဖြစ်ပါတယ်။

ဟေတီအသင်းကတော့ ဘရာဇီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကနေ ပထမဆုံးထွက်ခဲ့ရတဲ့အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

စကော့တလန်အသင်းနဲ့ မော်ရိုကိုအသင်းတို့ပွဲစဉ်မှာ မော်ရိုကိုအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး တူကီယဲအသင်းနဲ့ ပါရာဂွေးအသင်းတို့ပွဲစဉ်မှာ ပါရာဂွေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါတယ်။

**ငွေကြယ်**

## ကျောက်ဆည်မြို့၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျောက်ဆည် ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကြီးမှူးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ဇွန် ၁၇ ရက်က ကျောက်ဆည်မြို့နယ် ဇော်ဂျီဂေါက်ကွင်း၌ ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် ကော်မတီအတွင်းရေးမှူး ရဲမှူးကြီးအေးမြင့်နိုင်တို့က ဇော်ဂျီဂေါက်ကလပ်မှ တာဝန်ခံဦးဝင်းမောင်နှင့် ကျောင်းသားများအား ပျိုးပင်များပေးအပ်ပြီး ပျိုးပင်စုစုပေါင်း ၅၄၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**❁ ယခုရာသီမှ**

ရှမ်းယူနိုက်တက်အသင်းသည် အပြောင်းအရွှေ့နောက်ဆုံးရက်တွင် ပြည်ပကစားသမားသုံးဦးစလုံး ခေါ်ယူခဲ့ပြီး ဘူရွန်ဒီလက်ရွေးစင် အသင်းခေါင်းဆောင် အိုလာဂါ၊ ဂါနာ လူငယ်လက်ရွေးစင်ဟောင်းများဖြစ်သည့် ဒါကိုနှင့် ဆာကီဝါတို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် စတင်ခဲ့သည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ပြည်တွင်းကစားသမားများကိုသာ အသုံးပြုခဲ့သော်လည်း ပြီးခဲ့သည့်ရာသီဝက်တွင် ရှေ့ဝတီအသင်းက ပြည်ပကစားသမားများ စတင်အသုံးပြုပြီးနောက် ယခုရာသီတွင် အသင်းလေးသင်းက ပြည်ပကစားသမားများ ခေါ်ယူလာခြင်းဖြစ်သည်။

**သတင်း-မောင်စံကြီး**
**ဓာတ်ပုံ-စိုးညွှန့်သော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁-C) ပေါက်တော၊ မြေကွက်အမှတ်-၆၁/ပ-B၊ အကျယ်အဝန်း (0.024) ဧကအကျယ်ရှိ B-လ/န-၃၉ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၆)၊ အောင်ဘောဂလမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ပို့ [၁၂/ ပဘတ(နိုင်)၀၁၆၃၂၈]မှ တရားဝင် အမည်ပေါက်ပိုင်ဆိုင်ခွင့်ရှိပြီး အထက်ဖော်ပြပါ မြေနှင့်အိမ်အား မိမိ၏တစ်ဦးတည်း သမီးဖြစ်သူ ဒေါ်ဇာနီဝင်း [၁၂/ ပဘတ(နိုင်)၀၀၂၅၃၅]ထံသို့ အဖိုးစားနားတစ်ပြားတစ်ချပ်မှရယူခြင်းမရှိဘဲ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက် အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ကို ဥပဒေအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၃၀၀)**
**အမှတ်- ၁၆(ခ)၊ ရန်ကုန်ပန်းခြံလမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## ဒေါ်တင်တင်လှ (H/RGN-၀၂၇၉၆၉)အား အကြောင်းကြားတောင်းဆိုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ကြည်စု)၊ လူနေရပ်ကွက်အမှတ်- မြို့သစ်၊ အောင်သီရိလမ်း၊ မြေကွက်အမှတ်- ၃၇၉၊ အကျယ်အဝန်း (၂၅ပေx၅၀ပေ)၊ (၁၂၅၀)စတုရန်းပေ၊ ဧရိယာ (၀.၀၂၈)ဧက အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်တင်တင်လှ အမည်ဖြင့် မှတ်သားတည် ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေသည် လူကြီးမင်းထံမှဝယ်ယူထားသည့် အဆိုပါမြေနှင့်အိမ်ကို တရားဝင်အမည်ပြောင်း ဆောင်ရွက်ရန်အတွက် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုရန် လိုအပ်နေပါသဖြင့် လူကြီးမင်းအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ကို လာရောက်ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုဆောင် ရွက်မည်ဖြစ်ကြောင်း လူကြီးမင်းအား အကြောင်းကြား အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၃၀၀)**
**အမှတ်- ၁၆(ခ)၊ ရန်ကုန်ပန်းခြံလမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## ဦးဘိုးလွင်နှင့် ဒေါ်စောမြ (ISN-၀၈၀၆၀၂)တို့အား အကြောင်းကြားတောင်းဆိုခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၀(ခ)၊ ဦးဖိုးမှန်လမ်း၊ မြေကွက်အမှတ်-၉၈(B)၊ ဧရိယာ (၀.၀၅၅)ဧကအကျယ်ရှိ မြေပိုင်မြေအမျိုးအစား မြေကွက်ကြီးအနက်မှ (၁၈ပေx ၆၁ပေ)၊ မြေကွက်အမှတ်(၁၀၁)နှင့် ကပ်လျက် ဘက်ခြမ်း၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လူကြီးမင်းတို့ထံမှ အရောင်းအဝယ်စာချုပ်တို့ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေနှင့်အိမ်ကို တရားဝင် အမည်ပြောင်းဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ် ချုပ်ဆိုရန် လိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို လာရောက် ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန် သည်အထိ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၃၀၀)**
**အမှတ်- ၁၆(ခ)၊ ရန်ကုန်ပန်းခြံလမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၃

ဒေါ်ခိုင်နွယ်မြင့် -------------- လျှောက်ထားသူ
ကွယ်လွန်သူ ဒေါ်သန်းသန်းဝင်း၏ ကျန်ရစ်သောပစ္စည်းများနှင့်
စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁ လမ်း၊ ၉ ရပ်ကွက်၊ အမှတ်- ၈၄၊ အခန်း ၁၄ ၌ နေထိုင်ခဲ့သော ဒေါ်ခိုင်နွယ်မြင့်က ၎င်းနေရပ်လိပ်စာ တွင် အမြဲနေထိုင်ခဲ့သည့် လွန်ခဲ့သော (၂၅-၃-၂၀၂၅)ရက်နေ့တွင် ကွယ်လွန်သူ ဒေါ်သန်းသန်းဝင်း၏ အမွေခံတူမဖြစ်ကြောင်း၊ အမွေထိန်းလက်မှတ်ရထိုက် ကြောင်း စစ်ဆေးပေါ်ပေါက်၍ (၂၁-၂-၂၀၂၆)ရက်နေ့တွင် ဒဂုံမြို့သစ်ခရိုင်တရားရုံး တော်မှ အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခိုင်နွယ်မြင့် သည် (၄-၆-၂၀၂၆)ရက်နေ့တွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၌ ၎င်းတို့လက်ရှိ ထိန်းသိမ်းထားသော အမွေထိန်းလက်မှတ်ပါ ပစ္စည်းများအား အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၃၀၇(၂) အရ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် ရုံးတော်သို့ လျှောက်ထားလာပါသည်။

၎င်းအမှုအရေးတွင် ရုံးတော်သို့ လာရောက်ကန့်ကွက်ရန် သက်ဆိုင်သည် ဟုထင်မြင်လျှင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျအခွင့်အာဏာ လွှဲအပ်ထားသော ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ ၂ ရက်၊ (၁၃၈၈ ခုနှစ်၊ ပထမ ဝါဆိုလဆုတ် ၃ ရက်) နံနက် (၁၀)နာရီတွင် ဤရုံး တော်သို့ လာရောက်ရန် ဆင့်ဆိုလိုက်ပါသည်။ အဆိုပါနေ့ရက်တွင် လျှောက်ထား သူများ၏ လျှောက်လွှာကို ကြားနာဆိုင်ပြိုင်၍ ၎င်း၏အမွေထိန်းလက်မှတ်စာပါ ပစ္စည်းများအား အမွေဆက်ခံခွင့်အက်ဥပဒေပုဒ်မ- ၃၀၇(၂)အရ ဆက်လက်ဆောင် ရွက်ခွင့် ရှိ/မရှိ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄)၊ လူနေရပ်ကွက်အမှတ် (သောင်းကြီးခွင်တောင်ပိုင်း)၊ (၆)ရပ်ကွက်၊ နဝဒေးဥယျာဉ်အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၁၂၀၆)၊ အကျယ်အဝန်း (၁၆ပေx ၇၅ပေ)၊ ဧရိယာ (၀.၀၂၈ ဧက)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်(၅)၊ အခန်း(၂၀)ဟုခေါ်တွင်သော အဆောက် အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သန်း သန်းထွေး [၁/ဗမန(နိုင်) ၀၁၆၅၄၆]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေများက ရောင်းဖိုးစရန်ငွေများ ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလင်းထင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝဏ္ဏစည်သူမိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၅၈)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၄၄၂၀၁၇၄**

## ဒေါ်ခင်ချို (TRY-၀၂၄၄၀၉) အား အကြောင်းကြားတောင်းဆိုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၅/၅)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄/၅)၊ ပဒ္မာမြားလမ်း၊ မြေကွက်အမှတ်- ၅၀(ခ)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေ အကျယ်ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်ချို အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေသည် လူကြီးမင်းထံမှ ဝယ်ယူထားသည့် အဆိုပါ မြေနှင့်အိမ်ကို တရားဝင်အမည်ပြောင်းဆောင်ရွက်ရန် အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုရန် လိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို လာရောက်ချုပ်ဆိုပေးရန် အကြောင်းကြား တောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက် သွယ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း လူကြီးမင်းတို့အား အကြောင်းကြား အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၃၀၀)**
**အမှတ်-၁၆(ခ)၊ ရန်ကုန်ပန်းခြံလမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၅၀)ရပ်ကွက်၊ မြေကွက်အမှတ်(၁၂၉၅+၁၂၉၆)၊ အကျယ်ပေ(၄၀x၆၀) အသီးသီးရှိသော ပါမစ်မြေ(၂)ကွက်ကို ယခုလက်ရှိပိုင်ရှင်ဟုဆိုသူ ဒေါ်ခင်မျိုးဝင်း [၁၃/ သနန (နိုင်)၀၁၉၈၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ချွမ်းလင်ဖုန်း(ခ)ဒေါ်ဝင်းဝင်း [၁၃/ တယန(နိုင်)၀၄၂၁၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီး ဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ များသည် ဤကြေညာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၅)၊ မြေကွက်အမှတ်- ၂၉၁(က+ခ)၊ (၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်- ၂၉၁(က+ခ)၊ (၁၀၅)ရပ်ကွက်၊ ဒဂုံတောင် ဒေါ်သိန်းရီ[၁၂/ သဃက(နိုင်) ၀၆၅၇၃၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်သိန်းရီ [၁၂/ သဃက(နိုင်) ၀၆၅၇၃၀] ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း တင်ပြလျှောက် ထားခဲ့သည့် ဂရန်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ အဆောက်အဦမရှိ၊ မြေကွက်လပ် ဖြစ်ပြီး လျှောက်ထားသူမှ မြေပြင်လိုက်လံပြသ၍ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်သိန်းရီ၏ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက် အမှတ်(၄၃၀)၊ မြေကွက်တည်နေရာအမှတ်-(၄၃၀)၊ ၄၀၊(၂)လမ်း၊ ၄၉-ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်မာဂရက် (ခ) ဒေါ်စန်းစန်းမြင့် [၁၂/ကမတ(နိုင်) ၀၄၄၆၈၆] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်မာဂရက် (ခ) ဒေါ်စန်းစန်းမြင့်အား တရားပြိုင်ထားကာ ဦးကြည်မြင့်မှ တရားလိုပြုလုပ်၍ ဒဂုံမြောက်မြို့နယ်တရားမရုံး၌ တရားမကြီးမှုအမှတ်- ၈၉/၂၀၂၄ ဖြင့် ပဋိညာဉ် အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆို ခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၃၀-၇-၂၀၂၄)ရက်စွဲပါစီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ် (၇၂/၂၀၂၄)တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉]မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊နိုင်ကတ်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က (ကသဃဖ)ကျောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် Grade-10 တွင် ပညာသင်ကြားနေသော မအိအိမွန်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဦး [၁၀/ သထန (နိုင်) ၁၄၈၀၇၁] ဖြစ်ပါကြောင်း။

**ဦးဇော်ဦး**
**[၁၀/သထန(နိုင်)၁၄၈၀၇၁]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၅)၊ ဦးပိုင်အမှတ် (၅၄)၊ ၆၃x၆၄ ကြား၊ ၁၃၉x၁၄၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရွှေဇွန် (ခ) မီမီစိုး [၁၃/ သနန (ပြု) ၀၀၀၀၁၀]က အမှုတွဲအမှတ် (၀၆၁၅/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၅၇)၊ ဦးပိုင်အမှတ်(၁၉)၊ ၅၂x၅၃ကြား၊ ၁၁၈x၁၁၉ကြားရှိ ဦးကျော်ငွေး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်အိအိဝင်းက တရားပြိုင် ဦးကျော်ငွေး (၎င်း၏ SP ရရှိသူ ဒေါ်မြင့်မြင့်ဦး)အပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၃၁၀/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အိအိဝင်း [၁၃/မဆတ (နိုင်) ၀၃၁၄၁၈]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၂၁)၊ ဦးပိုင်အမှတ်(၂)၊ ၁၀၈ လမ်း၊ ၅၂x၅၃ ကြားရှိ တပ်သားရဲဝင်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်နန်းမွေဆိုင်လှိုင်း (ခ) မြင့်မြင့်စိမ်းက တရားပြိုင် တပ်သား ရဲဝင်းအပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှု အမှတ် (၂၉၅/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်နန်းမွေဆိုင်လှိုင်း(ခ) မြင့်မြင့်စိမ်း [၁၃/နခန(နိုင်) ၀၇၁၉၉၀]က တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရောင်းမည်

၁။ အရှေ့ဒဂုံ ၃- ရပ်ကွက် ၄၀'×၆၀' ခြံခတ်ထား၊ ရေမီးစုံ ဂရန်အမည်ပေါက်
၂။ ကြည့်မြင်တိုင် ကန္နားလမ်း၊ ထီးတန်းအိမ်ရာ ၁၅'×၅၀' ၃လွှာ ၂ခန်း၊ ၄လွှာ ၂ခန်း၏အထူးအဆင့်မြင့်ပြင်ဆင်ပြီး

ဖုန်း- ၀၉၅၁၈၇၇၀၅

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃ သမိုင်း၊ မြေကွက်အမှတ်- ၅-ဟ/၂၊မြေဧရိယာ- (၀.၄၇၃)ဧကရှိ မြေပိုင်မြေ၊ လ/န-၃၉ (အိမ်ရာမြေသတ်မှတ်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၀၃)၊ ရန်ကုန်-အင်းစိန်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေ စာရင်းတွင် ဦးမောင်မောင်စိန် [၁၂/ကတတ(နိုင်)၀၁၆၆၁၉] အမည်ဖြင့် မှတ်သား ထားပါသည်။ ၎င်းထံမှ ဝယ်ယူလက်ဝယ်ထားသူ ဦးတင်ထွန်း [၁၂/ဥကတ(နိုင်) ၁၁၉၄၃၂]မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ အား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့် (ခ) ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၅၇၅၁) (၂၉-၉-၁၉၉၁)**
**အမှတ်- ၂၄(မြေညီ)၊ ဘိုကလေးဈေးလမ်းအောက်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၃၉၃၀၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာ (၁၀)လမ်း၊ ခြံအမှတ် (၂၀၁) မြေနေရာ၌ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ် တိုက်အဆောက်အဦမှ တိုက်အမှတ် (ဘီ)၊ အခန်း(၁)၊ မြေညီထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၅x၄၅)ပေရှိ ရေ၊ မီးစုံတိုက်ခန်း(၁)ခန်းအား ဒေါ်တင်တင်မြင့် [၁၂/ကမရ(နိုင်) ၀၄၇၈၀၇] ကိုင်ဆောင်သူမှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်တင်တင်လှိုင် [၁၂/အစန(နိုင်) ၁၉၂၈၆၅]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ် သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်သန္တာ (LL.B)** | **ဦးအောင်ဇော်မိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၈၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၅၆)** |

**အမှတ် (၁၁၉၂)၊ (ခ/၁)လမ်း၊ မြို့သစ် (က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉-၅၀၈၃၈၈၆၊ ၀၉-၄၂၀၁၇၉၈၈၀**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၅၊ ပင်းယ(၁၃)လမ်း၊ (၅)ရပ်ကွက်၊ အမှတ်- ၄၁၉/က ဟုခေါ်တွင်သော (အလျား ၂၀ ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်ယမင်းအမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထား စာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်သူ ဒေါ်ယမင်း [၁၂/ဒဂန (နိုင်)၀၃၂၉၃၈]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သူရ [၁၂/ ဒဂမ(နိုင်)၀၁၂၃၁၇]က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူ မဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက် အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သင်းပပအောင်** | **ဒေါ်သင်းသင်းထက်** |
| **(LL.B, LL.M, D. B. L, D.I.L,WIPO(Switzerland)** | **(LL.B, LL.M )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၆၇)** | **အထက်တန်းရှေ့နေ(စဉ်- ၅၇၂၉၇)** |

**အမှတ်- ၁၁၀၊ ပထမထပ်၊ (၃၉)လမ်း၊ အောက်ဘလောက်၊**
**ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့်**
**ကုန်သည်လမ်းကြား၊ ရန်ကုန်တိုင်းဒေသကြီး။**
**09-880888317, 09-676767173, 09-793712666, 09-264924101**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေဇင်ဦး (ဘ) ဦးဝင်းကြိုင် [၈/နမန(နိုင်) ၁၉၁၇၅၉]၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကျွန်းမိုစမ်းကျေးရွာ နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးအောင်ကိုကိုလင်း (ဘ) ဦးတင်လင်း၏သား [၈/နမန(နိုင်)၁၂၂၄၉၁] မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နေသူတို့ သည် (၈-၄-၂၀၁၈)ရက်နေ့တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ခဲ့ပြီး သားတစ်ဦးထွန်းကားခဲ့ပါသည်။ သို့သော် ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးအောင်ကိုကိုလင်းတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်တော့ကြောင်း (၁၂- ၁၂- ၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန္ဒာစိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၅၃၇/၂၀၁၂)**
**အမှတ်(၅၅/၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၀၉၅၃၂၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ်စဉ် (ITCS ၁၁/၁၂/၁၃/၁၄/၁၅/ ၁၆/၁၇/၂၂/၂၃/၂၄/၂၅/၂၆/၂၇)–၂၀၂၆**

၁။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်၊ (ပြေလမှမတ်လ) အထိ၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်း အပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါ၍ တင်ဒါပေးသွင်းလိုသူ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်မည့် လုပ်ငန်းများမှာ–

(က) ITCS–၁၁/၂၀၂၆ Government Integrated Service Platform လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် System Monitoring Consoles for EDMS, E–Mail System ဝယ်ယူခြင်း

(ခ) ITCS–၁၂/၂၀၂၆ DC–DR အတွက် capcity expansion and redundancy လုပ်ငန်းများ ဆောင်ရွက်ခြင်း (Turnkey)

(ဂ) ITCS–၁၃/၂၀၂၆ Open Source Platform လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် Hosting Device များ License သက်တမ်းတိုးခြင်း (Turnkey)

(ဃ) ITCS–၁၄/၂၀၂၆ Myanmar National Portal အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် Myanmar National Portal ၏ License စရိတ်များပေးချေခြင်း

(င) ITCS–၁၅/၂၀၂၆ Email System Operation Services လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် Email System အတွက် License များ သက်တမ်းတိုးခြင်း

(စ) ITCS–၁၆/၂၀၂၆ Video Conferencing System လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် Video Conferencing စနစ် အသုံးပြုသော User License များ သက်တမ်းတိုးခြင်း

(ဆ) ITCS–၁၇/၂၀၂၆ CloudHive subscription လိုင်စင်သက်တမ်းတိုးခြင်း

(ဇ) ITCS–၂၂/၂၀၂၆ Static Transfer Switch နှင့် DRC စခန်းအတွက် 50 kW HYBRID SOLAR SYSTEM ဝယ်ယူတပ်ဆင်ခြင်း

(ဈ) ITCS–၂၃/၂၀၂၆ 100kVA UPS Battery Bank များ အစားထိုးပြုပြင်လဲလှယ်ခြင်း

(ည) ITCS–၂၄/၂၀၂၆ Data Center Network Upgrade လုပ်ငန်းများ ဆောင်ရွက်ခြင်း (Turnkey)

(ဋ) ITCS–၂၅/၂၀၂၆ DNS Server Installation ဆောင်ရွက်ခြင်း လုပ်ငန်း (Turnkey)

(ဌ) ITCS–၂၆/၂၀၂၆ Gateway Firewall License သက်တမ်းတိုးခြင်းလုပ်ငန်း

(ဍ) ITCS–၂၇/၂၀၂၆ A10 Network DDoS Detection & Mitigation Device များ License သက်တမ်းတိုးခြင်း

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** – ၁၉–၆–၂၀၂၆ ရက်နေ့မှ ၁၇–၇–၂၀၂၆ ရက်နေ့အထိ

**တင်ဒါပုံစံ ရောင်းချမည့်နေရာ** – တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာ လုံခြုံရေးဦးစီးဌာန၊ စီမံရေးရာနှင့်ထောက်ပံ့ဌာနခွဲ၊ ရုံးအမှတ် ၂၊ နေပြည်တော်

**တင်ဒါတင်သွင်းရမည့်နေရာ** – တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ စီမံရေးရာနှင့် ထောက်ပံ့ဌာနခွဲ၊ ရုံးအမှတ် ၂၊ နေပြည်တော်

**တင်ဒါနောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** – ၁၇–၇–၂၀၂၆ (သောကြာနေ့)၊ ၁၃:၀၀ နာရီအထိ

**တင်ဒါစာရွက်စာတမ်းကြေး** – တင်ဒါအမှတ်စဉ် ၁၁၊၁၄၊၁၇၊၂၂၊၂၃၊၂၆ (၁၀,၀၀၀ ကျပ်)
တင်ဒါအမှတ်စဉ်၁၅၊၁၆၊၂၅၊၂၇(၁၅,၀၀၀ ကျပ်)
တင်ဒါအမှတ်စဉ် ၂၄ (၃၀,၀၀၀ ကျပ်)
တင်ဒါအမှတ်စဉ် ၁၂၊၁၃ (၅၀,၀၀၀ ကျပ်)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ် ၂၊ နေပြည်တော်ဖုန်း ၀၆၇–၃၄၀၇၇၅၃ နှင့် ၀၆၇– ၃၄၂၀၂၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ် ၂၊ နေပြည်တော်**

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/တိုးချဲ့)၊ ကန်တော်မင်္ဂလာ(၁)လမ်း၊ မြေကွက်အမှတ်(၁၀၈)၊ အကျယ်အဝန်း(အလျား ၄၀x အနံ ၆၀)ပေရှိပြီး ဦးကျင်ရွှေ (ISN– ၃၂၅၄၄၀] အမည်ပေါက်ပါမစ်မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အိမ်အပါအဝင် ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလအမည်ပေါက်သူထံမှ အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိဖြစ်ပြီး ထပ်ဆင့်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသည့် ဦးလွင်မောင်ဘို [၉/မနမ(နိုင်)၁၂၃၉၂၄] က ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေးငွေးဝင်း[၁၂/ဗတထ(နိုင်)၀၁၀၈၉၄]မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို ထိုအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ငွေးငွေးဝင်း [၁၂/ဗတထ(နိုင်)၀၁၀၈၉၄]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းအိဇာ LL.B, D.B.L.**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ (၆၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၈၉၃၅၁၄၅၆၄**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ တင်ဒါအမှတ်စဉ် (ITCS - ၄ / ၂၀၂၆)

၁။ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ သတင်းအချက်အလက်စနစ်နှင့် ကွန်ရက်လုံခြုံရေးဌာနခွဲ(နေပြည်တော်)တွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

Lot.1 Intelligent Automated Penetration Testing Platform ဝယ်ယူတပ်ဆင်ခြင်း လုပ်ငန်း (Turnkey)

Lot.2 Government Security Operation Center (GSOC) Phase–I ဝယ်ယူတပ်ဆင်ခြင်း လုပ်ငန်း (Turnkey)

Lot.3 Digital Forensics Lab Phase I ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း (Turnkey)

Lot.4 Traffic Tunneling Application Analysis and Package Research System ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း (Turnkey)

Lot.5 Silent Route Detection and Adaptive Access Control System ဝယ်ယူ တပ်ဆင်ခြင်းလုပ်ငန်း (Turnkey)

Lot.6 Endpoint Security လိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်း (Turnkey)

Lot.7 Public Key Infrastructure (PKI) System ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Turnkey)

Lot.8 Firewall လိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်း (Turnkey)

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** – ၂၂–၆–၂၀၂၆ ရက် (တနင်္လာနေ့)
**တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်** – ၁၇–၇–၂၀၂၆ရက် (သောကြာနေ့)
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** – ၂၁–၇–၂၀၂၆ ရက် (အင်္ဂါနေ့) (၁၂:၀၀ နာရီ)
**တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက်** – ၂၁–၇ –၂၀၂၆ ရက် (အင်္ဂါနေ့) (၁၄:၀၀ နာရီ)
**တင်ဒါပုံစံ ရောင်းချမည့်နေရာ** – ထောက်ပံ့ဌာနစိတ်၊ စီမံရေးရာနှင့်ထောက်ပံ့ဌာနခွဲ၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်
**တင်ဒါတင်သွင်းရမည့်နေရာ** – ထောက်ပံ့ဌာနစိတ်၊ စီမံရေးရာနှင့်ထောက်ပံ့ဌာနခွဲ၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်
**တင်ဒါပုံစံကြေး** – Lot 1 နှင့် Lot 3 အတွက် တစ်ခုလျှင် ငွေကျပ် ၁၅,၀၀၀ိ/၊ Lot 2 အတွက် တစ်ခုလျှင် ငွေကျပ် ၅၀,၀၀၀ိ/ နှင့် ကျန် Lot များအတွက် တစ်ခုလျှင် ငွေကျပ် ၁၀,၀၀၀ိ/။

၂။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်၊ ဖုန်း ၀၆၇–၃၄၀၇၇၅၃ နှင့် သတင်းအချက်အလက်စနစ်နှင့် ကွန်ရက်လုံခြုံရေးဌာနခွဲ၊ ဇမ္ဗူ့ကျက်သရေလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း ၀၆၇၃၄၂၂၇၄၊ Email – **tenderinfo@ncsc.gov.mm** သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၂)၊ နေပြည်တော်**

---

## အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၃၁) လမ်း၊ အမှတ် (၂၀၆)၊ ပထမထပ်၊ တိုက်မျက်နှာမူလျှင်ညာဘက် အကျယ်အဝန်း (၁၂ ၃/၂ ပေx ၅၀ပေ)ရှိ ဦးကောင်းဟော်(ခ)ဦးမောင်ကောင်းအမည်ဖြင့်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိပါကြောင်း ဝန်ခံပြောဆိုသူ ဒေါ်သွယ်သွယ်အေး [၁၂/ပဘတ(နိုင်) ၀၂၆၄၇၁]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ငွေအကျေအပြေ ပေးအပ်ပြီး ဥပဒေနှင့်အညီ စာချုပ်ပြုလုပ်၍ လက်ရောက်ရယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစိန်မြင့်** | **ဦးညီလင်းဖေ** |
| **(စဉ်– ၁၀၉၁၆)** | **(စဉ်– ၃၅၃၂၆)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၁၈– ၃၇၇၄၀၆**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၇/၅၊ မြေကွက်အမှတ်– ၃၉၊ မြေကွက်တည်နေရာ– အမှတ် ၁၁၀/ B3၊ မြနှင်းဆီလမ်း၊ ၂၇/၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးခင်သန်း အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား [၁၂/အလန(နိုင်) ၀၁၃၂၆၆] မြေအမည်ပေါက် ဦးခင်သန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင်တင်မြင့် [၁၂/အလန(နိုင်)၀၁၃၂၆၃]မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောဇနီး/မယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁ )၊ မြေအမျိုးအစား – နှစ်(၆၀) ဂရန်မြေ ၊

(၁) မြေကွက်အမှတ် (၁၃၈၅/က)၊ အကျယ် (၀.၀၂၇) ဧက၊

(၂) မြေကွက်အမှတ် (၁၃၈၅/ခ)၊ အကျယ် (၀.၀၂၇) ဧက၊

ယင်းမြေများပေါ်ရှိ အမှတ် ( ၁၃၈၅/က )၊ ( ၁၃၈၅/ခ)၊ ရေဝတီလမ်း၊ ၂၁–ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဦးတင်ဝင်း [၁၂/မဂတ(နိုင်) ၀၅၃၀၉၃]မှ မိမိတစ်ဦးတည်း တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအေးမင်းဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၇၆၅)**
**အမှတ် (၃၀၆)၊ သမာဓိ (၄)လမ်း၊ ၃၉/ဘီ – ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

---

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဖဲရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ တိုက်အမှတ် (၂)၊ ဒုတိယထပ်၊ တိုက်သို့မျက်နှာမူလျှင်ဝဲဘက်ခြမ်း၊ (၁၂ ၃/၂× ၄၈)ပေ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အထက်ဖော်ပြပါတိုက်ခန်းအား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့်အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းဝင်း (၁၂/မရက (နိုင်)၁၀၁ရ၈၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းရွှေစင် (၁၂/ဗဟန(နိုင်) ၀၁၀၃၃၀)က ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားပါမည်။

ဒေါ်နှင်းရွှေစင်၏လွှဲအပ်ညွှန်ကြားချက်အရ–
**ဒေါက်တာဆွေဇင်သော်**
LL.B, LL.M, M.Res, Ph.D တရားလွှတ်တော်ရှေ့နေ (စဉ်–၉၃၀၀)
အမှတ်–၃၆၁၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ Ph : 09 5174628

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ အာသာဝတီလမ်း၊ မြေကွက်အမှတ်(၁၆၆/က)၏ မြေအကျယ်အဝန်း (၂၅x၆၀)ပေရှိ ဒေါ်ခင်မာရီ [၁၂/ပဇတ(နိုင်) ၀၂၂၉၂၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မာရီ [၁၂/ပဇတ(နိုင်) ၀၂၂၉၂၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (စဉ်– ၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း (စဉ်– ၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

---

## “ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ဗိုလ်ထွန်းဖဲရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ်(၃၄)၊ အမှတ်(၆၉)၊ မြေအကျယ်အဝန်း (၂၅'x၅၀')ရှိ ဒေါ်စန်းမြင့် [၁၂/ဒပန(နိုင်) ၀၂၇၀၃၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (၁၂ ၁/၂'x ၅၀')အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်တိုက်အိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးဝင်းနိုင်ထွန်း [၁/မကန(နိုင်) ၁၀၂၃၄၄]နှင့် ဇနီး ဒေါ်မျိုးဝင်းစန်း [၁/မကန(နိုင်) ၁၀၅၅၄၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခွန်မောင်ဖွား [၁၃/ပလန(နိုင်) ၀၇၆၉၅၅]မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာမှတ်စာတမ်း(မူရင်း)များဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန့်ရှုဂေးခလိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၀၃၅ / ၂၀၁၂)**
**အမှတ်(၁၀)၊ သဒ္ဓါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၈၆၅၂၄၅၁၉၊ ၀၉–၇၇၃၃၆၃၅၇၀**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ (၂၈)လမ်း၊ အမှတ် (၅၆)၊ တတိယအလွှာ (တိုက်မျက်နှာမူလျှင် ဝဲဘက်အခန်း)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ပေခွဲx ၄၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးအောင် [၁၂/ပဘတ(နိုင်)၀၂၂၈၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း၏ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမင်းမင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၆၀၃ / ၁၄–၆–၂၀၁၈)**
**အမှတ်(၂၄–မြေညီ)၊ ဘိုကလေးဈေးလမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၀၂၅၃၈၄**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သူဇာဝင်း [၁၂/ဥကတ(နိုင်) ၁၆၆၉၂၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၅)၊ မြေကွက်အမှတ်(၂၇၀)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ် (၂၆၉)နှင့် ကပ်လျက်အခြမ်း (၂၀ပေx ၆၀ပေ) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် **ဂရန်အမည်ပေါက် ဦးလှတင် (K/RGN–၀၂၂၀၃၇)**ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ **ဦးနေအောင် [၁၂/ဒဂတ(နိုင်) ၀၇၇၆၇၁]**မှ မိမိသာလျှင် တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် **ဒေါ်ရွှေသရဖီဦး**ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇–ရက်)အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆုမြတ်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၈၄၅၇)**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English**
**PGDCWE, DL–DIP (101,202,302,317) (Switzerland)**

| | |
|---|---|
| **ဒေါ်အေးနန္ဒာလင်း (LL.B)** | **ဒေါ်မြတ်သီရိဇော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၄၇၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၃၃၄)** |

**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း– ၀၉–၅၀၂၅၅၈၃၊ ၀၉–၉၆၅၀၂၅၅၈၃**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ | ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ | ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# လုံခြုံရေးတပ်ဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် နှမ်းဆီကန်ကျေးရွာနှင့် သရက်ကန်ကျေးရွာကြားရှိ ကမ္မ-မြိုင်သွားကားလမ်းမပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ အလုံး ၈၀ အား ထပ်မံဖယ်ရှားရှင်းလင်း

နေပြည်တော် ဇွန် ၂၀

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် မကွေးတိုင်းဒေသကြီးအတွင်း ရှိပခုက္ကူမြို့နယ်၊ ကမ္မမြို့နှင့် မြိုင်မြို့နယ်သို့ဆက်သွယ်ထားသည့် ကမ္မ-မြိုင်သွား ကားလမ်းတစ်လျှောက်တွင် အများပြည်သူဖြတ်သန်းသွားလာရေးခက်ခဲစေရန်ရည်ရွယ်၍ ကတ္တရာလမ်းအား ကျင်းတူးပြီး ဆီပီပါခွံများဖြင့် ကားမိုင်းအဖြစ်ပြုလုပ်ကာ မိုင်းထောင်ပိတ်ဆို့ထားရှိကြောင်း တာဝန်သိ ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍



မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တွင်းမကျေးရွာအနီး ကမ္မ-မြိုင်သွား ကားလမ်းမပေါ်၌ PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ အလုံး ၂၀ အား ထပ်မံဖယ်ရှားရှင်းလင်းနိုင်ခဲ့မှုကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ

မဲခေါင်ဖိုရမ်မှသည် အနာဂတ် ခြောက်နိုင်ငံ ခရီးသွားမြှင့်တင်မှု၏ လင်းရောင်ခြည်သို့
အင်တာဗျူး စာမျက်နှာ » ၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ခိုးမှုကျူးလွန်ရန် နေအိမ်အတွင်း ဝင်ရောက်၍ အမျိုးသမီးငယ်တစ်ဦးအား အဓမ္မပြုကျင့်သတ်ဖြတ်မှုကျူးလွန်ခဲ့သူ အမျိုးသားတစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိ
စာမျက်နှာ » ၁၄

ကမ္ဘာသုံး အချက်အကျောစနစ်အတွက် Myanmar Golf Handicap Manager software မိတ်ဆက် အခမ်းအနားပြုလုပ်
စာမျက်နှာ » ၁၈

## အမေရိကန်အသင်း ကမ္ဘာ့ဖလား ၃၂ သင်းအဆင့်တက်လှမ်းခဲ့ပြီး ဘရာဇီးအသင်းက ဟေတီအသင်းကို ဂိုးပြတ်နိုင်ပွဲရရှိ

ဇွန် ၂၀ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားအုပ်စုအဆင့် ဒုတိယပွဲစဉ်တွေထဲမှာ အမေရိကန်အသင်းနဲ့ ဘရာဇီးအသင်းတို့ဟာ နိုင်ပွဲကိုယ်စီရရှိပြီး အမေရိကန်အသင်းကတော့ ကမ္ဘာ့ဖလား ၃၂ သင်း အဆင့်တက်လှမ်းခဲ့ပါတယ်။



အမေရိကန်အသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အမေရိကန် အသင်းဟာ ဩစတြေးလျအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အသင်းဟာ အုပ်စု(D)မှာ နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ရရှိကာ အုပ်စုထိပ်ဆုံးမှာရပ်တည်နေတာ ဖြစ်ပါတယ်။

ဘရာဇီးအသင်းက ဟေတီအသင်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့ပြီး ဘရာဇီးအသင်းအတွက် သွင်းဂိုးတွေကို ကွန်ဟာက နှစ်ဂိုး၊ ဗီနီစီးယပ်ဂျူနီယာက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ✻

## ယခုရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ကလပ်အသင်းလေးသင်း ပြည်ပကစားသမားများ ခေါ်ယူအသုံးပြုနေ

ရန်ကုန် ဇွန် ၂၀

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲဝင်အသင်းများအနက် ကလပ်အသင်းလေးသင်းမှာ ပြည်ပကစားသမားများ ခေါ်ယူအသုံးပြုလျက်ရှိသည်။

ယခုရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး ဧရာဝတီအသင်း၊ ရတနာပုံအသင်း၊ ဖွဲကပင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့သာ ပြည်ပကစားသမားများ ခေါ်ယူထားခြင်းဖြစ်သည်။ ပြည်ပကစားသမားများ ခေါ်ယူထားသည့်အသင်းများအနက် ဧရာဝတီအသင်းက ဘင်္ဂလားဒေ့ရှ်တောင်ပံတိုက်စစ်ကစားသမား ရီတူ၊ ထိုင်းတိုက်စစ်ကစားသမား ခွန်ပန်၊ ဖိလစ်ပိုင်ကစားသမား အူဘေး၊ ဖွဲကပင်ယူနိုက်တက်အသင်းက ဂါနာကစားသမားများဖြစ်သည့် ဂလိုရီရာ၊ ဒီရာမီနှင့် ဘီလင်ဒါ၊ ရတနာပုံအသင်းက ဖိလစ်ပိုင်ကစားသမားများဖြစ်သည့် လာရာကန်၊ ပေါ်လီနာနှင့် ဘီရန်ကာတို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။



ဧရာဝတီအသင်း ခေါ်ယူထားသည့် ဘင်္ဂလားဒေ့ရှ် လက်ရွေးစင် ကစားသမား ရီတူ

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❁

## အာရှဖလား ယူ-၂၀ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာအသင်း ဟောင်ကောင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားမည်

ရန်ကုန် ဇွန် ၂၀

၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၂၀ အသင်းသည် ဇူလိုင်လ ပထမပတ်တွင် ဟောင်ကောင် ယူ-၂၀ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၀ အသင်းနှင့် ဟောင်ကောင် ယူ-၂၀ အသင်းတို့၏ ခြေစမ်းပွဲများကို ဇူလိုင် ၄ ရက်နှင့် ၇ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတွင် မြန်မာအသင်း ရလဒ်ကောင်း ရယူနိုင်ရန် ရည်ရွယ်၍

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❒



## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ